မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ တနလာ်နေ့ | အတွဲ(၆၆)၊ အမှတ်(၀၄၇)

ယနေ့ ဖတ်စရာ

(၂၈)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် ပြည်တွင်းသတင်း စာ ၄

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ရေယိုစိမ့်မှု ပြင်ဆင်ခြင်းနှင့် သန့်ရှင်း သပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက် ပြည်တွင်းသတင်း စာ ၅

အာရှတွင် နျူကလီးယား မာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး ဂျပန်နှင့် ADB ကူညီမည် နိုင်ငံတကာသတင်း စာ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထား

မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး



နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ဇနီး ဒေါ်ကြူကြူလှနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် သီတဂူဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူစက္ခုဒါန

စာမျက်နှာ ၃ ကော်လံ ၁ မှ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီတဂူစက္ခုဒါနဆေးရုံတွင် လာရောက်ကုသ ခွဲစိတ်မှုခံယူထားသည့် ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၅

ကျောင်းသားလူငယ်မောင်မယ်များ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာ ဗဟုသုတများစွာရရှိစေရန်၊ လူငယ်များအား

စာမျက်နှာ ၄ ကော်လံ ၁ မှ



အဝါရောင်အဆင့် မုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၅

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသည့် လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေပိုင် ၄၉၀ ခန်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေပိုင် ၅၆၀ ခန်နှင့် ဂိုလ်ပါပူဖြို့၏ တောင်-အရှေ့တောင်ဘက် ရေပိုင် ၆၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ မှ

ပုသိမ်ပေါ်ဆန်းမွေး မူလအရည်အသွေးပြန်လည်ရရှိရေး ပုသိမ်တက္ကသိုလ်၌ သုတေသနပြု စမ်းသပ်စိုက်ပျိုး

ပုသိမ် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီးဂုဏ်ဆောင် စပါးမျိုးဖြစ်သည့် ပုသိမ်ပေါ်ဆန်းမွေးအား မူလမွေးရန်နှင့် အရည်အသွေးများ ပြန်လည်ရရှိရန် ပုသိမ်တက္ကသိုလ် စမ်းသပ်စိုက်ခင်း၌ သုတေသနပြု စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ မှ





မျိုး၊ မြေ၊ ရေ၊ နည်း ဆောင်ပုဒ်နှင့်အညီ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး

ဆန်နှင့်ဆီတို့သည် မြန်မာတို့၏ အဓိကစားသုံးကုန်များ ဖြစ်ကြပြီး ပြည်တွင်း၌ လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းရှိသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်စပါးစိုက်ပျိုးမှု ဧက ၁၇ သန်းခန့်ရှိပြီး ပြည်တွင်းစားသုံးမှုဖုံးလုံး၍ပိုလျှံသည့်ဆန်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သော်လည်း ဆီထွက်သီးနှံမျိုးစုံ စုစုပေါင်းစိုက်ပျိုးထုတ်လုပ်မှု ဧက ၈ သန်းခန့်မှ ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ဘဲ နိုင်ငံခြားငွေအများအပြားသုံးစွဲကာ ပြည်ပမှ စားအုန်းဆီ နှစ်စဉ်တန်ချိန် သိန်းနှင့်ချီ၍ တင်သွင်းနေရသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ ပဲပုံနှင့် ပန်းနှမ်းကို ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း အဓိက စိုက်ပျိုးကြသည်။ ဆီအုန်းမပါဘဲ အခြားဆီထွက်သီးနှံများ စိုက်ပျိုးမှုမှာ စုစုပေါင်းဧက ၈ သန်းခန့်ရှိပြီး လက်ရှိအထွက်နှုန်းအားဖြင့်ပင်လျှင် ပြည်တွင်းစားသုံးရန် ဆီဖုလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ သို့ရာတွင် ထွက်ရှိလာသည့် ဆီထွက်သီးနှံများအားလုံးကို ဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်လိုက်ခြင်းမဟုတ်ဘဲ ရိုးရာအစားအစာ၊ မုန့်ပဲသရေစာများအဖြစ် ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း စသည်တို့ကြောင့် စားသုံးဆီဖုလုံမှုမရှိတော့ဘဲ လိုအပ်လာသည်။ မှတ်သားရမည့်အချက်မှာ ပြည်ပသို့ နှမ်းနှင့်မြေပဲများ တင်ပို့၍ရရှိသော ငွေကြေးသည် ပြည်ပမှစားသုံးဆီပြန်လည်တင်သွင်းရသည့် ငွေကြေးကုန်ကျမှုနှင့် မကာမိခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းစားသုံးဆီဖုလုံရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့်ဆီထွက်သီးနှံများ၏ တစ်ဧကအထွက်နှုန်း တိုးတက်ရန် လိုအပ်လာသည်။ ဆီထွက်သီးနှံများ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များအဖြစ် မြေပဲတစ်ဧကလျှင် တင်း ဂုဝ၊ နှမ်း တစ်ဧကလျှင် တင်း ၂၀၊ နေကြာ တစ်ဧကလျှင် တင်း ၅၀ ဟူ၍ သတ်မှတ်ထားရာ သတ်မှတ်ချက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုလျှင် စားသုံးဆီဖုလုံမှု ၂၅၀ ရာခိုင်နှုန်းခန့် ရှိလာမည်ဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက်များသည် စိတ်ကူးယဉ် ကိန်းဂဏန်းများမဟုတ်ဘဲ ဆယ်စုနှစ်များနှင့်ချိန် သုတေသနပြုသတ်မှတ်ထားခြင်းဖြစ်ပြီး လက်တွေ့ထုတ်လုပ်နေသည့် နိုင်ငံများလည်းရှိနေသည်။

ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် "မျိုး၊ မြေ၊ ရေ၊ နည်း" ဟူသော ဆောင်ပုဒ်နှင့်အညီ အားထုတ်လုပ်ကိုင် စိုက်ပျိုးသွားကြရန်လိုသည်။ မျိုးကောင်းမျိုးသန့်သုံးစွဲစိုက်ပျိုးခြင်းက သီးနှံအထွက်နှုန်းကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စေနိုင်သည်။ သို့ဖြစ်ရာ ဒေသ ရေမြေ ရာသီဥတုနှင့်ကိုက်ညီပြီး ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးကို အလေးပေးကြရန်နှင့် မျိုးကောင်းမျိုးသန့်များကို သုံးနှစ်လျှင် တစ်ကြိမ် မျိုးလဲလှယ်စိုက်ပျိုးကြရန် ပညာရှင်များက အကြံပြုတိုက်တွန်းထားသည်။ သီးနှံထွက်နှုန်းတိုးစေမည့် ဒုတိယအချက်အနေဖြင့် နေရာဒေသအလိုက် မြေဆီလွှာထိန်းသိမ်းရန်နှင့် မြေဆီလွှာတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ သဘာဝမြေဩဇာများဖြစ်သည့် မွေးမြူရေးတိရစ္ဆာန်စွန့်ပစ်စွန့်ပယ်များ၊ စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများ၊ ဇီဝမြေဩဇာများကို ထည့်သွင်း၍ မြေဆီလွှာ၏ အာဟာရဓာတ်မြင့်မားလာစေရန် အားဖြည့်ပေးရန်လိုသည်။

သီးနှံအထွက်တိုးရေး တတိယအချက်မှာ သီးနှံအတွက် ရေလိုအပ်သည့်အချိန်တွင် ရေပေးသွင်းနိုင်ရန်ဖြစ်သည်။ စိုက်ပျိုးသီးနှံများ အောင်ရေ ရရှိရေးအတွက် ရေအရင်းအမြစ်များရှိရန်လိုပြီး ရေရရှိရေး နည်းလမ်းအသွယ်သွယ်ဖြင့် ရေလိုအပ်ချိန်အလိုက် ရေပေးသွင်းရန်လိုသည်။ တစ်ဖက်တွင်လည်း စိုက်ပျိုးရေးကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်သုံးစွဲကြရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နောက်ဆုံးအချက်မှာ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည့် စိုက်ပျိုးရေးနည်းပညာဖြစ်သည်။ ဆီထွက်သီးနှံစိုက်ပျိုးသူ တောင်သူနည်းပညာပေးလုပ်ငန်းများကို တောင်သူအားလုံးထံအရောက် နည်းလမ်းမျိုးစုံဖြင့် ဖြန့်ပေးခြင်း၊ ကူညီဆောင်ရွက်ခြင်းတို့ကို စိုက်ပျိုးရေးပညာရှင်များ၊ နည်းပညာပေးဝန်ထမ်းများက ဆောင်ရွက်ပေးကြရန်ပင်ဖြစ်သည်။

ဆီထွက်သီးနှံများအပါအဝင် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးတွင် အဓိကအကျဆုံးမှာ စိုက်ပျိုးသူတောင်သူများက မိမိတို့၏ သီးနှံများတိုးတက်ထွက်ရှိရန် ဆောင်ရွက်ရေးကို စိတ်အားထက်သန်မှုရှိကြရန်ပင်ဖြစ်သည်။ စိုက်ပျိုးချိန်မှ ရိတ်သိမ်းထွက်ရှိချိန်အထိ စနစ်တကျနည်းလမ်းမှန်ကန်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးသီးနှံတို့ အထွက်တိုးကာ အကျိုးစီးပွားဖြင့်မားစွာ ဖြစ်ထွန်းလာစေပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

အဂတိလိုက်စားမှု ကင်းရှင်းစေရေး "1111" ကို ဖြေကြားပေးရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း



မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၅ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနှစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

၁၅ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅၀၆၆/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၆၃၂၅၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂုဝ၅၀၀၀၀ ကျပ် ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၂၇၀	၄၄၂၅	၄၃၇၅	၄၂၈၅	၄၂၆၀	၄၄၆၅	၄၄၈၀	၄၃၅၅	၄၅၂၅	၄၇၅၅	၄၃၇၅	၄၅၁၅	၄၄၇၀	၄၄၂၅	၄၄၃၅	၄၆၆၅
95 Ron	၄၃၀၅	၄၄၇၀	၄၄၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅၂၀	၄၄၀၀	၄၇၆၅	၄၇၉၅	၄၄၂၀	၄၅၈၅	၄၅၇၀	၄၄၇၀	၄၄၈၀	၄၇၀၀
HSD (500 ppm)	၄၃၀၀	၄၅၃၀	၄၄၈၅	၄၃၉၅	၄၅၈၅	၄၅၆၅	၄၅၈၀	၄၄၆၅	-	၄၆၄၅	၄၄၈၅	၅၀၆၅	၄၅၇၀	၄၅၃၀	၄၅၄၀	၄၇၆၀
HSD (50 ppm)	၅၃၀၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၁၅	၅၄၉၀	၅၅၂၀	၅၄၀၀	၅၇၇၀	၅၈၀၀	၅၄၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀
HSD (10 ppm)	၅၃၀၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၁၅	၅၄၉၀	၅၅၂၀	၅၄၀၀		၅၈၀၀	၅၄၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၀၊ စီမံ ၀၁-၅၄၄၃၃၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

❑ ရှေ့ဖုံးမှ

ဆေးရုံတော်သို့ရောက်ရှိကြပြီး နိုင်ငံတော်ဩဝါဒိစရိယ၊ ရွှေကျင်နိကာယသာသနာပိုင်၊ အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သီတဂူကမ္ဘာဇုဒ္ဒတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသရ အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သီတဂူဆရာတော်ဘုရားကြီးထံ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒကထာများကို နာယူသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က သီတဂူစက္ခုဒါနဆေးရုံတော်အတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဓမ္မလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သီတဂူစက္ခုဒါနဆေးရုံတော်အတွင်း မျက်စိခွဲစိတ်လူနာများအား ကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး သီတဂူစက္ခုဒါနဆေးရုံတွင် လာရောက်ကုသ ခွဲစိတ်မှုခံယူထားသည့် ပြည်သူများနှင့် မျက်စိခွဲစိတ်ကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

အဆိုပါ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့၊ သီတဂူစက္ခုဒါနဆေးရုံတော်တွင် အခမဲ့မျက်စိခွဲစိတ်ကုသမှုများကို ၂၀၂၃ ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအကြိမ်အထိ လာရောက်မျက်စိစမ်းသပ်သူ ပြင်ပလူနာ ၂၅၀၂၇ ဦးကို စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း၊ ခွဲစိတ်လူနာ ၇၉၀၀ ကျော်ကို ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ထိုအထဲမှ ၅၂၂ ဦးအား လေဆာဖြင့် ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် သက်တော် ၉၂ နှစ် ဝါတော် ၇၂ ဝါရှိ ဧရာဝတီတိုင်းဒေသကြီး ဟသံတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒိစရိယ၊ တိပိဋကဩဝါဒိစရိယအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး တာဝန်ရှိသူများအား ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကိုမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နဝကမ္မအလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူ ကမ္ဘာဇုဒ္ဒတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသရ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးရုံကြီး(ခုတင် - ၁၀၀၀)တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် သက်တော်ရှည် ဆရာတော်ကြီး ဟသံတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီတဂူစက္ခုဒါနဆေးရုံတော်အတွင်း မျက်စိခွဲစိတ်လူနာများအား ကုသပေးနေမှုအခြေအနေများကို ကြည့်ရှုစဉ်။

(၂၈)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

မနီလာ နိုဝင်ဘာ ၁၅

(၂၈)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးကို ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီး၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ကြသည်။



အစည်းအဝေးတွင် လက်ရှိပြောင်းလဲဖြစ်ပေါ်နေသည့် ကမ္ဘာ့အခြေအနေနှင့် ဒေသတွင်း စီးပွားရေးမျှော်မှန်းချက်များ၊ ၂၀၂၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှုအခြေအနေ၊ အေအီးစီ လမ်းပြမြေပုံ ၂၀၂၅ အကောင်အထည်ဖော်မှု၊ ကဏ္ဍများအကြား ပေါင်းစပ်အကောင်အထည်ဖော်ရမည့် စဉ်ဆက်မပြတ်ရေရှည်တည်တံ့မှု လုပ်ငန်းအစီအစဉ်များ၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး အစီအစဉ်နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆–၂၀၃၀) အကောင်အထည်ဖော်မှုတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီမှ (၄၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့်အစီရင်ခံစာအား အတည်ပြုသည်။

ထို့ပြင် အစည်းအဝေး၌ ၂၀၂၆ ခုနှစ်အတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်းအောက်ရှိ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များအား ၂၀၂၆ ခုနှစ်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက အရှိန်မြှင့်တင်ဆောင်ရွက်မှု၊ စွမ်းအင်လုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက် ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ဆောင်ရွက်ခဲ့မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ယန္တရားများနှင့် အစီအစဉ်များကို ဆက်လက် အားကောင်းခိုင်မာစေရန်နှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်တို့ကို ပါဝင်ဆွေးနွေးသည်။

ထို့နောက် အာဆီယံ ဒီဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့် အခမ်းအနားနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတို့သို့ အခြား အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Ms. Christina A. Roque က အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နေပြည်တော်ရှိ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

နေပြည်တော်ရှိ တည်ထောင်ပြီး ဒဂုံဇာသိရိ အသေးစားနှင့် အလတ်စား စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇုန်သစ်အဖြစ် ပုဗ္ဗသိရိစက်မှုဇုန် ဖော်ဆောင်ရေး လုပ်ငန်းများကို စက်မှုဇုန်ဥပဒေ၊ စက်မှုဇုန်နည်းဥပဒေနှင့် ညှိနှိုင်းကြေးချက်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ နိုင်ငံစီးပွားဖြစ်တင်နိုင်ရေး တန်ဖိုးဖြင့် စက်မှုထုတ်ကုန်လုပ်ငန်းများ တိုးဖြင့်ထုတ်လုပ်နိုင်ရေးနှင့် စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က နေပြည်တော်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ နေပြည်တော် စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စက်မှုဇုန်ဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်မှုရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ Agro-based Industries များ၌ လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများပေါင်းစပ်ကာ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် တန်ဖိုးဖြင့် ထုတ်ကုန်များ တိုးဖြင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်၊ စက်မှုလုပ်ငန်းများ၌ ပြည်ပမှ တင်သွင်းနေရသည့် ကုန်ကြမ်းများအပေါ် ခိုခဲနေရမှုများကို လျှော့ချပြီး ပြည်တွင်းကုန်ကြမ်းများ အစားထိုးအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်၊ လုပ်သားများ၏ ကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်း၊ နည်းပညာမြင့် စက်များသုံးစွဲကာ ကုန်ထုတ်နှုန်းနှင့် ကုန်ထုတ်စွမ်းအား မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်သွားရန်၊ ငွေကြေးအရင်းအနှီးအတွက် MSME ချေးငွေအပါအဝင် စက်မှုလုပ်ငန်းချေးငွေများအား ပံ့ပိုးပေးလျက်ရှိပြီး စက်ရုံများ၌ စက်ခွဲမအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် အခက်အခဲများရှိပါက မြန်ဆန်စွာဖြေရှင်းပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိရာ စီမံချက်အတိုင်း ကွင်းဆင်းအဖွဲ့ဖြင့် အသေးစိတ် စစ်တမ်းများကောက်ယူကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ နေပြည်တော် စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က ဒဂုံဇာသိရိ အသေးစားနှင့် အလတ်စား စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများ လည်ပတ်တိုးတက်မှုအခြေအနေနှင့် ပုဗ္ဗသိရိစက်မှုဇုန်ဖော်ဆောင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ကော်မတီအတွင်းရေးမှူး၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်း ကောင်း၊ နေပြည်တော် MSMEs အသင်းဥက္ကဋ္ဌက အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)နှင့် ပူးပေါင်းကာ ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းများ ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရွှေမင်းသား မှန့်မျိုးစုံလုပ်ငန်းနှင့် နန်းစိန် မုန့်မျိုးစုံလုပ်ငန်းတို့တွင် လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက် အခက်အခဲတင်ပြမှုများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ *ရွှေဖုံးမှ*

မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အုန်းတော၊အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သစ်ဆိပ်ပင်၊ လယ်ဝေးမြို့နယ် မြတ်ပညာမွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကာ အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာ

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြသကြသည်။ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်



အိမ်တွင်းသုံးရေ ချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန် ပြုပြင်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ရေယိုစိမ့်မှုပြင်ဆင်ခြင်းနှင့် သန့်ရှင်းသပ်ရပ်ရေးလုပ်ငန်းများဆောင်ရွက်



ရန်ကုန် နိုဝင်ဘာ ၁၅

သိရှိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ရေယိုစိမ့်မှု ဖြစ်ပေါ်နေသည့်အပေါ်ကျမ်းအား ပြင်ဆင်ဖာထေးခြင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်သာယာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ယနေ့ နံနက် ပိုင်းက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မဟာနာယကကျောင်းတော်ကြီး ရှေ့ ခြံစည်းရိုးမှခွဲး ပြင်ဆင်မည့်နေရာ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝင်းအတွင်း ရှိ ဥသာသိရိဥယျာဉ်တော်ကြီး၏ အုတ်တံတိုင်း ခြံစည်းရိုးများတွင် ပေါက်နေသောအပင်များ၊ ခြံစည်းရိုးအနီးရှိအပင်များကို ခုတ်ထွင်ရှင်းလင်းပြီးစီးမှုအခြေအနေ၊ မဟာသိမ်တော်ကြီး အုတ်တံတိုင်း ခြံစည်းရိုးဆေးသုတ်နေမှုနှင့် မင်းကွန်းဆရာတော်ကြီး ရုပ်တုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် သံဃာ့ဆေးရုံအဆောင်သစ်၌ ဖွင့်လှစ်ထားသည့် သွားဆေးခန်းကို ဆဋ္ဌသင်္ဂါယနာတင် သမိုင်းဝင် မူလဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံ အဆောင်ဟောင်း၌ ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သံဃာတော်များ ကြွရောက်ကုသမှု ခံယူသည့်အခါတွင် လိုအပ်သလို ဖြည့်ဆည်းကုသနိုင်ရေးအတွက် လိုအပ်သည့်ကုသရေးပစ္စည်းများနှင့် ဆေးဝါးများ အလုံအလောက် ဖြည့်တင်းဆောင်ရွက်သွားရန် မှာကြားသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာသမိုင်းဝင် ဝိမ္ဘကတ် တိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပျက်စီးယိုယွင်းနေသည့် ဘုရားဆင်းတုတော်များနှင့် ရဟန္တာရုပ်ပွားတော်များအနက် ပြန်လည်ပြုပြင်ရသည်များကို ပြန်လည်ပြုပြင်၍ ပြုပြင်မရသည်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ ဆောင်ရွက်သွားရန်၊ ပေစာများကို သတ်မှတ်အပူဆိုန်အတွင်း ထိန်းသိမ်းနိုင်ရေး ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

*** ရှေ့ဖုံးမှ**

ထိုသို့ စမ်းသပ်စိုက်ပျိုးထားမှုကို ယမန်နေ့နံနက် ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက



စမ်းသပ်စိုက်ခင်းတွင် ပေါ်ဆန်းရင်မျိုးစပါးကို အသုံးပြုစိုက်ပျိုးထားရှိပြီး မြေအချဉ်ဓာတ်လျော့ချကာ pH တန်ဖိုးမြင့်တက်စေရန် ဒိုလိုမိုက်ထည့်သွင်းခြင်းနှင့် ပိုကိဆံလျှော်မျိုးစေ့ကြဲပက်ခြင်းတို့ကို ဆောင်ရွက်ထားရှိမှု၊ သဘာဝမြေဩဇာများအသုံးပြု၍ သီးနှံပင်၏သဘာဝအတိုင်း ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်ရှိစေရေးကို အလေးထားဆောင်ရွက်ထားရှိမှု ထူးခြားချက်အနေဖြင့် အကျိုးပြုအဏုဇီဝသက်ရှိများနှင့် Nano (နာနို) နည်းပညာတို့ကို အသုံးပြု၍ စမ်းသပ်စိုက်ပျိုးထားမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စမ်းသပ်စိုက်ပျိုးထားရှိမှုအခြေအနေ၊ သဘာဝမြေဩဇာနှင့် အဏုဇီဝနည်းပညာအသုံးပြုမှု၊ စပါးပန်းပွင့်ချိန်နှင့် ရိတ်သိမ်းမည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး သုတေသနလုပ်ငန်းများ အောင်မြင်မှုရှိစေရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ ဝဲဒေါင့်ရပ်ကွက်ရှိ MILLCO ပေါင်းဆန်စက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆန်စက်တာဝန်ခံနှင့် တာဝန်ရှိသူများက ဆန်စက်လည်ပတ်ဆောင်ရွက်နေမှု၊ နည်းပညာမြင့် ဆန်ကြိတ်ခွဲစက်ရုံလုပ်ငန်းလည်ပတ်မှု အဆင့်ဆင့်နှင့် ပေါင်းဆန်အပါအဝင် ဆန်ဖြူ ဆန်ကွဲကြိတ်ခွဲတင်ပို့မှု၊ ပြည်ပတင်ပို့မှု၊ စပါးကုန်ကြမ်းဝယ်ယူရရှိမှုနှင့် စွေးကွက်ရရှိမှုနှင့် စက်ွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကော့မျူးမြို့ ၄ွက်အော်စမ်းလူငယ်သင်တန်းကျောင်း၌ ကမ္ဘာ့ကလေးများနေ့အကြို အနုပညာရှင်များဖျော်ဖြေပွဲနှင့် ချစ်ကြည်ရေးဘောလုံးပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၅

(၃၇) ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ (ကမ္ဘာ့ကလေးများနေ့) အကြို အနုပညာရှင်များ၏ ဖျော်ဖြေမှုနှင့် ချစ်ကြည်ရေးဘောလုံးပွဲကို ယမန်နေ့က ကော့မျူးမြို့ ၄ွက်အော်စမ်းလူငယ်သင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ လူငယ်သင်တန်းကျောင်းသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)အရ အသက် ၁၈ နှစ်အောက်ကလေးသူငယ်ယောကျ်ားလေး ၄၉၂ ဦးကို လက်ခံစောင့်ရှောက်ထားသော ကျောင်းဖြစ်ပြီး ကမ္ဘာ့ကလေးများနေ့ အကြိုအဖြစ် အနုပညာရှင်များ ဖြစ်သည့် ယုန်လေး၊ သီဟသူ၊ ဘိုဘိုမြသိန်း၊ ခန့်ကျော်၊ မိုးယံဇွန်၊ ဘွားဘွား၊ မင်းသန့်၊ ရာဝန၊ D ဖြိုး၊ ဆိုတေး၊ ဉာဏ်လေးအောင်တို့က စိတ်ဓာတ်ခွန်အား ဖြစ်စေမည့် သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။


ဆက်လက်၍ အနုပညာရှင်များအသင်းနှင့် ၄ွက်အော်စမ်းလူငယ်သင်တန်းကျောင်း ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲကို ဆက်လက် ကျင်းပရာ ၄ွက်အော်စမ်း လူငယ်သင်တန်းကျောင်းအသင်းက အနုပညာရှင်များအသင်းကို လေးဂိုး – တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နှင့်အညီ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉)ကို ပြဋ္ဌာန်းထားပြီး ကလေးသူငယ်အခွင့်အရေးများ ရရှိရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်း၊ လွဲမှားစွာပြုမူခြင်း၊ လျစ်လျူရှုခြင်း၊ အမြဲတံထုတ်ခြင်းများ မခံရအောင်လည်း အကာအကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ ကလေးသူငယ်ဘဝတွင် စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာများကို သင်ယူပြီး ဗလငါးတန်ဖွံ့ဖြိုးသည့် လူငယ်များ ဖြစ်လာအောင် ကြိုးစားကြရမည် ဖြစ်ကြောင်း၊ အနာဂတ်တွင် အားကိုးရသည့် နိုင်ငံ့သားကောင်း ရတနာကလေးများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး ကလေးများနှင့်အတူ အနုပညာရှင်များ၏ တေးသီချင်းများ သီဆိုဖျော်ဖြေမှုနှင့် ချစ်ကြည်ရေး ဘောလုံးပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



အိမ်တွင်းသုံးရေ ချွေတာရေး

ရေဖျိုးချိုနှင့် နေစဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ-ဟင်းသီး ဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရည်များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

လှုံ့ကထိန်သင်္ကန်းနှင့် ပျော်ရွှင်မဆုံး တန်ဆောင်မုန်း

စောအောင်လင်း

မြန်မာတို့၏ ၁၂ လရာသီတွင် တန်ဆောင်မုန်းလသည် အဋ္ဌမမြောက်လဖြစ်ပြီး မိုးရာသီမှ ဆောင်းရာသီသို့ ကူးပြောင်းသောကာလဖြစ်သည်။ ကောင်းကင်ပြင်တစ်ခွင်၌ တိမ်များကင်းစင်ကြည်လင်နေပြီး သာယာလှပသည့် ပွင့်လင်းရာသီကာလ၏ အစဖြစ်ပါသည်။

တန်ဆောင်မုန်းကို ပုဂံခေတ်ကျောက်စာများတွင် "တန်ဆောင်မှန်"ဟု ရေးထိုးခဲ့ကြပြီး "တန်ဆောင်မှန်" မှ " တန်ဆောင်မှန်း" ဖြစ်လာသည်ဟု ဆိုကြသည်။ တန်ဆောင်မှန်းဆိုရာတွင် **တန်ဆောင်**ဆိုသည်မှာ မီးရှူးမီးတိုင်၊ **မှန်း**သည် ထွန်းလင်းတောက်ပခြင်းဟု အဓိပ္ပာယ်ရပါသည်။ အင်းဝခေတ်တွင် " တန်ဆောင်မုန်း " ဟု ရေးသားလာကြပြီး မီးရှူးမီးတိုင်ဖြင့် အလင်းရောင် သယ်ဆောင်ကာ ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးတန်ဆောင် ထွန်းပြောင်စေသောလဟု မှတ်သားရပါသည်။

တန်ဆောင်မုန်းလသည် ရက်စုံလဖြစ်၍ ရက်ပေါင်း ၃၀ ရှိသည်။ ဗေဒင်အခေါ်ရာသီမှာ ဗြိဿရာသီ၊ နက္ခတ်မှာ ကြိတ္တိကာနက္ခတ်၊ ရာသီရုပ်မှာ ကင်းမလက်မည်းပုံ၊ တာရာမှာ ကျိုးတာရာ၊ ပွဲတော်မှာ တန်ဆောင်တိုင်ပွဲတော်၊ ရာသီပန်းမှာ ခဲပန်းဖြစ်ပါသည်။ တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့များသည် ရက်ရာဇာဖြစ်ပြီး အင်္ဂါနေ့နှင့် ရာဟုနေ့များသည် ပြဿဒါးရက်များဖြစ်ကြသည်။ နဂါးဦးခေါင်းမှာ အရှေ့အရပ်သို့ ပြုပါသည်။

ဆောင်းဦးရာသီဖြစ်၍ သစ်ပင်ပန်းမန်တို့သည် နှင်းရည်နှင်းစက်များကို သောက်သုံးကာ စိမ်းလန်းစိုပြည်နေကြသည်။ လပြည့်ည၏ လမင်းကြီးသည် ကောင်းကင်ယံ၌ ထိန်ထိန်သာ၍ နက္ခတ်တာရာ အစုံအလင်ဖြင့် ကြည့်ရှုမဝနိုင်အောင် သာယာလှပနေသည်။ "ဖုံးတုံးလုံးတုံး တန်ဆောင်မုန်း" ဆိုသည့် အတိုင်း စပါးခင်များတွင် စိမ်းစိုပြီး နို့ရည်ပြည့်ဝ၍ အဆီအနှစ်များခဲနေသည့် စပါးနို့များသည် ဦးငိုက်၍ ရိတ်သိမ်းချိန်ကို စောင့်မျှော်နေကြသည်။

သာယာလှပနေသည့် တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ သာမညဖလအခါတော်နေ့၊ ပုံ့သကူပစ်ပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲနှင့် ကျိုမဲနိုးပွဲတို့ကို ကျင်းပကြသည်။ တန်ဆောင်မုန်းလ၌ ကုသိုလ်ရေးနှင့် ပျော်ပွဲရွှင်ပွဲများကို အစဉ်အလာမပျက် ပျော်ရွှင်စွာဆင်နွှဲကြပါသည်။

ကထိန်ပွဲ

ကထိန်ဆိုသည်မှာ "ကထိန" ဆိုသည့် ပါဠိဘာသာမှ ပါဠိသက်အဖြစ်သုံးကာ ကထိန = ကထိန်ဟု သုံးနှုန်းခဲ့ခြင်းဖြစ်ပါသည်။ မြန်မာလို ကောင်း၏၊ ကောင်းခြင်းဟု အဓိပ္ပာယ်ရပါသည်။ သင်္ကန်းအဝတ်ကို ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်းစသည့် ကထိန်မှုနှင့် စပ်သမျှများကို ခြုံငုံခေါ်ဝေါ်သော ဝေါဟာရဖြစ်သည်။

ကထိန်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိသာ လှူဒါန်းခွင့်ရှိသည့် ကာလဒါနတစ်ခု ဖြစ်ပါသည်။ ထိုကာလအတွင်း တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင် တစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်းဟူသည့် ဝိနည်းဒေသနာတော်အတိုင်း ကထိန်သင်္ကန်းကို ကပ်လှူကြရပါသည်။ ကထိန်သင်္ကန်းကပ်လှူရာတွင် ပုဂ္ဂိုလ်ခွဲ၊ ဂိုဏ်းဂဏခွဲမထား ဘဲ သံဃာ့ဂုဏ်တော်ကိုသာ ရည်မှန်းလှူဒါန်းရခြင်းကြောင့် သံဃိကဒါနလည်း မြောက်ပါသည်။

ကထိန်ဖြစ်ပေါ်လာရခြင်းမှာ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးနေစဉ် အရည်ခူတင်၊ ပုံ့သကူခူတင်၊ တိစီဝရိုက်ခူတင် ဆောက်တည်ကြသောဘဒ္ဒဝဂ္ဂိ ရဟန်းသုံးကျိပ်တို့သည် ပါဝါမြို့မှ သာဝတ္ထိမြို့သို့ ကြွလာခဲ့ကြရာ လမ်းခရီးဌဝါဆို၍ သာကေတမြို့တွင် ဝါကပ်တော်မူကြသည်။ ဝါကျွတ်သည့်အခါ ပဝါရဏာပြုကြပြီး ခြေကျင်ခရီးဖြင့် ဆက်လက်ကြွခဲ့ကြရာ လမ်းခရီးတွင် မိုးများသည်းထန်စွာရွာသွန်းသဖြင့် မိုးရေများစိုရွှဲခဲ့ကြသည်။ မိုးရေစိုရွှဲနေသော သင်္ကန်းများဖြင့် ဘုရားရှင်အား ဖူးမြော်ကြရာ အဆင်မပြေမှုများကို အကြောင်းပြု၍ အဓိဋ္ဌာန်တင်သင်္ကန်းသုံးထည် တို့တွင် တစ်ထည်ကိုသာထား၍ မပင်မပန်း ပေါ်ပါးရွှင်လန်းသွားနိုင်ရန်၊ သင်္ကန်းရှားပါး ခွမ်းပါးခြင်းမှ ကင်းကြစေရန် ရည်ရွယ်လျက် ထိုရဟန်းများကို အကြောင်းပြု၍ ပုရိမဝါကပ်ခြင်းနှင့် ပြည့်စုံသော ရဟန်းတို့ကို သင်္ကန်းကပ်လှူခွင့် သို့မဟုတ် ကထိန်ခင်းခွင့်ပြုကြောင်း ပညတ်တော်မူခဲ့ကြောင်းနှင့် ထိုအချိန်မှစတင်၍ ကထိန်သင်္ကန်း ဖြစ်ပေါ်ခဲ့ကြောင်း မှတ်သားရပါသည်။

ကထိန်သင်္ကန်းကပ်လှူရာတွင် ကထိန်ခင်း ထိုက်သောသင်္ကန်း၊ ကထိန်ကပ်လှူနည်း၊ ကထိန်၏ အကျိုးအာနိသင်၊ ကထိန်သင်္ကန်းရရှိသော ရဟန်းတော်၏ အခွင့်အရေးစသည်ဖြင့် ကျယ်ပြန့်လှစွာ ဟောကြားခဲ့ပြီးဖြစ်ပါသည်။

"ကထိန်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိသာ လှူဒါန်းခွင့်ရှိသည့် ကာလဒါနတစ်ခု ဖြစ်ပါသည်။ ထိုကာလအတွင်း တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင် တစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်းဟူသည့် ဝိနည်းဒေသနာတော်အတိုင်း ကထိန်သင်္ကန်းကို ကပ်လှူကြရပါသည်။ ကထိန်သင်္ကန်းကပ်လှူရာတွင် ပုဂ္ဂိုလ်ခွဲ၊ ဂိုဏ်းဂဏခွဲမထားဘဲ သံဃာ့ဂုဏ်တော်ကိုသာ ရည်မှန်းလှူဒါန်းရခြင်းကြောင့် သံဃိကဒါနလည်း မြောက်ပါသည်"

ကထိန်သင်္ကန်းကပ်လှူသူများသည် (၁) မိမိသွားလိုရာခရီးကို အဟားအဆီး အနောင့်အယှက်မရှိ သွားလာနိုင်ခြင်း၊ (၂) လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်း၊ (၃) အစာအဆိပ်သင့်မှု ဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်ခြင်း၊ (၄) မိမိပစ္စည်းဥစ္စာများကို သူတစ်ပါး နိုင်ထက်စီးနင်းယူဆောင်ခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးများကို ခံစားရနိုင်ပါသည်။ ကထိန်သင်္ကန်းကပ်လှူသူသည် သံဃာ့လက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းရေစက်ချပြီးမှ အလှူဒါနမြောက်ပါသည်။

မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ

မသိုးသင်္ကန်းသည် ကထိန်သင်္ကန်းတစ်မျိုး ဖြစ်ပါသည်။ ဗုဒ္ဓဖြတ်စွာဘုရားရှင်အား ရည်မှန်း၍ နေ့မကူးဘဲ အာရုံမတက်မီ ညတွင်းချင်းရက်လုပ် ကပ်လှူရသောသင်္ကန်းဖြစ်သည်။ ထိန်ဆောင်မုန်း လပြည့်နေ့သည် ကထိန်သင်္ကန်း နောက်ဆုံးကပ်လှူ ခွင့်ရသော နောက်ဆုံးနေ့ဖြစ်ရာ အချိန်မီ ရက်လုပ်၍ ကပ်လှူပူဇော်ကြရပါသည်။ နေ့ကူးသွားလျှင် သိုးသည်ဟူသော အယူအဆဖြင့် "မသိုးသင်္ကန်း" ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်ညတွင် လူအများကိုဖိတ်ကြားး၍ စတိသဘောဖြင့် ဝါစေ့ကြွပက်ခြင်း၊ ဝါပေါက်ကောက်၍ ဝါဖန်၊ ဝါကြိတ်၊ ဝါဖန်ခြင်း၊ ဂွမ်းဖတ်ကို ဗိုင်းတောင့်လိပ်ခြင်း၊ ချည်ငင်ခြင်း၊ ချည်ယောက်ခြင်း၊ ယောက်ပြီးချည်ငင်ကို ဆေးဆိုးအစာတင်၍ မီးကင်ခြင်း၊ ခြောက်သွေ့အောင်လှမ်း၍ ရက်ဖောက်ယောက်ခြင်း၊ ရက်ကန်း ရက်ခြင်းများပြုလုပ်၍ ရက်ကန်းစင်၌တင်ကာ အရုဏ်မတက်မီအပြီး ရက်လုပ်ကြရသည်။ ယခုအခါ အဖွဲ့များခွဲ၍ ရက်ကန်းစင်များတွင် ပြိုင်ပွဲတစ်ခုသဖွယ် အပြိုင်အဆိုင် ပျော်ရွှင်စွာ ရက်လုပ်ကြသည်။ ရက်လုပ်ပြီး သင်္ကန်းကို အရုဏ်မတက်မီမှာပင် ဘုရားရှင်အား ရည်မှန်း၍ ဆက်ကပ်ပူဇော်ကြသည်။

မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ

မြန်မာ့ရိုးရာအစဉ်အလာအရ တန်ဆောင်တိုင် မီးထွန်းပွဲများကို မြန်မာနိုင်ငံအနှံ့အပြားတွင် ကျင်းပကြပါသည်။ မြန်မာအဘိဓာန်တွင် တန်ဆောင်တိုင်= တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပသော မီးထွန်းပွဲဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ရှေးမြန်မာတို့သည် မီးထွန်းပွဲတော်ကို ကြိတ္တိကာနက္ခတ်ကို ပူဇော်သောအားဖြင့် ထွန်းညှိသည်ဟု သိရသည်။ ထိုနက္ခတ်အစောင့် ဒဟနီဝည်သော မီးနတ်သည် တန်ဆောင်မုန်းလပြည့်နေ့တိုင်း လူပြည်သို့ ဆင်းလာလေ့ရှိ၍ မီးထွန်းညှိပူဇော်ပွဲများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပသည်ဟု ဆိုသည်။

တချို့က မီးထွန်းပွဲတော်သည် မဟာပိန္ဓနုနတ်ကို ရာတွေ့သွားသူများ ပျော်ရွှင်နေကြသည်ကို ကြည့်ရှု၍ ဝမ်းသာပီတိဖြစ်ကြရသည်။ အချို့က လူစည်ကားရာ နေရာများသို့ မော်တော်ကား၊ ဆိုင်ကယ်များဖြင့်သွားရောက်ကာ ပုံ့သကူပစ္စည်းများ၊ ငွေများကို ပစ်ခဲ့ကြသည်။ တချို့က နေအိမ်များအပေါ်မှ ပိုက်ဆံကြဲကြသည်။ တချို့က ပုံ့သကူပစ်ခြင်းကို အဓိဋ္ဌာန်ဖြင့် နှစ်စဉ်ပြုလုပ်ကြသည် ။

စတုဒိသာကျွေးမွေးပွဲ (နို့ဇွာနဲစဉ်းပွဲတော်)

တန်ဆောင်မုန်းလပြည့်နေ့တွင် ရပ်ကွက်များ၊ လမ်းများ၊ ရုံးဌာနများတွင် လာသမျှလူများကို အယုတ်အလတ်အမြတ်မရွေး စားသောက်ဖွယ်ရာများကျွေးမွေးခြင်း၊ ပစ္စည်းများ ကံစမ်းမဲဖောက်ပေးခြင်းများကို ပျော်ရွှင်စွာ ကျင်းပကြသည်။ အလှူရှင်များက ပစ္စည်းများ ကံစမ်းမဲဖောက်၍ လှူဒါန်းကြခြင်းကို နိဗ္ဗာန်ဈေးပွဲတော်ဟု ခေါ်ဆိုကြသည်။ တချို့က မုန့်လုံးပေါ်များဖြင့် ကျွေးမွေးဆည်းခံကြရာ ဖိတ်ကြားမထားဘဲ ကြုံသည့်လူများဝင်ရောက်စားသုံးနိုင်ခြင်းကြောင့် **မခေါ်မနဲ့လုံး** ဟုလည်း ဆိုကြသည်။

ကျီးမနိုးပွဲ

တန်ဆောင်မုန်းလပြည့်နေ့သည် သန်းခေါင်ယံအချိန်တွင် လူငယ်များသည် နေအိမ်ခြံဝင်းအပြင်ဘက်နှင့် လမ်းမဘေးရှိ ပစ္စည်းများကို ပိုင်ရှင်မသိအောင် ယူဆောင်၍ လမ်းထိပ်များ၊ အဖြင့်နေရာများသို့ ပြောင်းရွှေ့ထားခြင်းများကို အပျော်သဘော ပြုလုပ်ကြသည်။ တချို့က နေအိမ်များတွင် မွေးမြူထားသည့် ကြက်၊ ဘဲများကို ပိုင်ရှင်မသိအောင် ယူငင်၍ ပျော်ပွဲစားသဘော ချက်ပြုတ်စားသောက်ကြသည်။ ဟင်းကောင်းတစ်ခွက်ကဲ့သို့ မချက်ပြုတ်နိုင်ဘဲ ဆီမပါ၊ အဆာမပါဘဲအဖြစ် သဘော ချက်ပြုတ်စားသောက်ကြခြင်းဖြစ်၍ ကာလသားချက်ဟုလည်း ဆိုကြသည်။ အပျော်သဘော မဟုတ်ဘဲ အရက်သေစာသောက်စားမူးယစ်ခြင်း၊ ပစ္စည်းဥစ္စာများ ဒိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းစသည့် ဥပဒေမဲ့လုပ်ရပ်များမဖြစ်စေရန်ကိုမူ တားဆီးသင့်ကြပါသည်။

ဆေးပေါင်းခသည့် ညနှင့် မဲဇလီဖူးသုပ်

ကြိတ္တိကာနက္ခတ်နှင့်စနှိုးယှဉ်သော တန်ဆောင်မုန်းလပြည့်ည ၁၂ နာရီတိတိအချိန်သည် ဆေးပေါင်းခသည့် ည၏ အစွမ်းထက်ဆုံးအချိန်အဖြစ် သတ်မှတ်ကာ တိုင်းရင်းဆေးဆရာကြီးများက ဆေးမျိုးစုံဖော်စပ်ကြသည်ဟု မှတ်သားရပါသည်။ တန်ဆောင်မုန်းလပြည့်ညတွင် ဆေးပင်များကို စောင့်ရှောက်သော နတ်တို့သည် မဲဇလီပင် စောင့်နတ်ထံသို့ လာရောက်ခစားကြသည်ဟု ဆိုသည်။ လပြည့်နေ့ညတွင် ဆေးပေါင်းခသည် ဆိုသည့် မဲဇလီဖူးများကိုပြုတ်၍ မြေပဲဆန်ထောင်း၊ ကြက်သွန်နီကြော်၊ အဆာပလာများဖြင့်သုပ်၍ ဆေးပေါင်းခသည့်အစာအဖြစ် စားသုံးကြသည်။ မိမိတို့ကိုယ်တိုင်သာမကဘဲ ပတ်ဝန်းကျင်နေအိမ်များကိုလည်း လိုက်လံဝေငှ ကျွေးမွေးကြသည်။

အချို့ပြောဆိုကြရသော် တန်ဆောင်မုန်းလ၌ ကျင်းပသည့်ပွဲတော်များသည် မြန်မာ့ရိုးရာ အစဉ်အလာမပျက် နှစ်စဉ်ပြုလုပ်ကြသည့် ကုသိုလ်ရေးပွဲတော်များဖြစ်သကဲ့သို့ ပျော်ပွဲရွှင်ပွဲများကိုလည်း တက်ကြွပျော်ရွှင်စွာ ကျင်းပကြခြင်းဖြစ်ပါသည်။ နောင်လာနောက်သားများအနေဖြင့် တန်ဆောင်မုန်းလ၏ ရိုးရာအစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား

- **မြန်မာအဘိဓာန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန**
- **ဆရာကြီးဦးသုခ၏ မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု**
- **နေ့စဉ်ထုတ် သတင်းစာများ**

ဆရာတော်၊ သံဃာတော်များအား ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ လျှောက်ထားတင်ပြ

ထား၀ယ် နိုဝင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ မိုးသည်းထန်စွာ စံချိန်တင် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ရသည့် သဘာဝဘေးကြုံတွေ့ခဲ့ရသော ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ယမန်နေ့ မွန်းလွဲပိုင်းက ထား၀ယ်မြို့ သာသနာ့ဗိမာန်တော်၌ တိုင်းဒေသကြီး၀န်ကြီးချုပ် ဦးဇော်နိုင်ဦးက ဆရာတော်၊ သံဃာတော်များထံ လျှောက်ထားတင်ပြခဲ့သည်။ **(ယာပု)**



အခမ်းအနားသို့ တိုင်းတရားသူကြီးချုပ်၊ တိုင်းဒေသကြီး၀န်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာ၀န်ရှိသူများ၊ လူမှုရေး အဖွဲ့များနှင့် သဘာဝဘေးကြုံတွေ့ခဲ့ရသည့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအဈေးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က တိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ကြောင့် နေအိမ်၊ စာသင်ကျောင်း၊ သာသနိကအဆောက်အအုံများ၊ လမ်းတံတားများ၊ လယ်ယာများနှင့် ဥယျာဉ်ခြံများ ထိခိုက်ပျက်စီး ဆုံးရှုံး ခဲ့ရမှုအခြေအနေများ၊သဘာဝဘေးသင့်ပြည်သူများ အတွက် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများ၊ ပျက်စီးသွား သည့် လမ်းနှင့်တံတားများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ပြန်လည် ထူထောင်ရေးအတွက် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်း လျှောက်ထား တင်ပြခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး၀န်ကြီးချုပ် ဦးဇော်နိုင်ဦးက တိုင်းဒေသကြီးအတွင်း မိုးသည်းထန် စွာ စံချိန်တင်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါ ကြောင်း၊ မိမိဒေသတွင်းရှိ ပြည်သူများ အေးချမ်း ပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတည်ငြိမ် အေးချမ်းမှုအပေါ်မူတည်၍ ရပ်ကွက်၊ ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက် အားတိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။


သဘာဝဘေးသင့်ခဲ့သည့် ဒေသများသို့ ပညာရှင် များ၏အကူအညီဖြင့် လေ့လာဆန်းစစ်ချက်များ ဦးစွာဆောင်ရွက်ပြီး အိမ်ရာများကိုလည်း တည်ဆောက် ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူ များက အပြည့်အ၀ပူးပေါင်းပါ၀င်မည်ဆိုပါက လုပ်ငန်း များ မြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ ဖြင့် ပြန်လည်စည်ကားစေရန် အစိုးရအဖွဲ့အနေ ဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ပူးပေါင်းဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဩဝါဒစကားများ မိန့်ကြားကြရာ မိန့်ကြားမှုများအပေါ် တိုင်းဒေသကြီး ၀န်ကြီးချုပ်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ၀န်ကြီးဌာန အလိုက် ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်များ ကို ပြန်လည်လျှောက်ထားကာ ဆရာတော်ကြီးများ အား လှူဖွယ်၀တ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

✪ *ရှေ့ဖုံးမှ*


အဆိုပါ မုန်တိုင်းငယ်သည် နံနက် ၁၀ နာရီခွဲတွင် မြောက်လတ္တီကျူ ၉ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက် နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။



မုန်တိုင်းငယ်သည် မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၆ ရက်တွင် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်း ကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၁၉ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာ၀တီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာ ကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃မှ၆ ပေ ကိုးပေခန့်ရှိနိုင်သည်။

မိုး/၈လ



စလင်းမြို့နယ်၌ ဝက်သက်နှင့် ဂျုံက်သိုးရောဂါ ကာကွယ်ဆေး အရှိန်အဟုန်မြင့်ထပ်ဆောင်းထိုးနှံပေး

စလင်း နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ အသက်ကိုးလမှ ၅၉ လအရွယ် ကလေးငယ်များအား ဝက်သက်နှင့် ဂျုံက်သိုးရောဂါကာကွယ် ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၊ မြို့နယ် အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ကာကွယ်ဆေးထိုးစုရပ် တို့၌ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး၀န်ထမ်းများနှင့် တာ၀န်ရှိသူ တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေး၀န်ကြီးဌာန၏ ညွှန်ကြား ချက်နှင့်အညီ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမွန်စိုးရည် ဦးဆောင်၍ ကျန်းမာရေးမှူးနှင့် ၀န်ထမ်းများက ရောဂါကြိုတင်ကာကွယ် ရေး၊ အသိပညာပေးဟောပြောခြင်းများနှင့် ကလေးငယ်များအား စနစ် တကျ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို စလင်းမြို့နယ်အတွင်းရှိ ကာကွယ်ဆေးထိုးစုရပ် ၁၉ ခုတို့၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက် နှင့် ကျေးရွာများအလိုက် ကာကွယ်ဆေးလွှမ်းခြုံမှုပြည့်မီစေရေးအတွက် ကျန်းမာရေး၀န်ထမ်းများက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကျေးရွာများအရောက် ကွင်းဆင်း၍ အိမ်တိုင်ရာရောက် စာရင်းကောက်ယူ ခဲ့ရာ စလင်းတစ်မြို့နယ်လုံး ဝက်သက်နှင့် ဂျုံက်သိုးကာကွယ်ဆေးထိုးနှံ သူစုစုပေါင်း ၈၂၆၂ ဦးရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မောင်လွင်(စလင်း)

ရေသည် အသက် ရေအသက်တစ်မနက် မြေအောက်ရေကို ထိန်းသိမ်းပါ

❍ *ကျောဖုံးမှ*

အဆိုပါ ၀နှင်းကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ခုတိယ ၀နှင်းကြီးများ၊ တာ၀နှရှိပုဂ္ဂိုလ်များနှင့် အရာ ထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှ တာ၀နှရှိသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယနေ့ ၀နှင်းကြီးဌာနပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲ အမျိုးသမီးအုပ်စုပတ်လည် ပွဲစဉ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀နှင်းကြီးဌာန အသင်းနှင့် ပို့ဆောင်ရေး၀နှင်းကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေး၀နှင်းကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ၀နှင်းကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင် ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသားအုပ်စုပတ်လည် ပြိုင်ပွဲပွဲစဉ်များအဖြစ် ကာကွယ်ရေး၀နှင်းကြီးဌာန အသင်းနှင့် သယံဇာတနှင့် သဘာ၀ပတ်၀နှင်း ကျင်ထိန်းသိမ်းရေး ၀နှင်းကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေး၀နှင်းကြီးဌာန အသင်းက သယံဇာတနှင့် သဘာ၀ပတ်၀နှင်း ကျင်ထိန်းသိမ်းရေး ၀နှင်းကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ လူ၀င်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝနှင်းကြီးဌာန အသင်းက ပို့ဆောင်ရေး၀နှင်းကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး၀နှင်းကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အားကစားရေးရာ ၀နှင်းကြီးဌာနအသင်းနှင့် ပြည်ထဲရေး၀နှင်းကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစား ရေးရာ၀နှင်းကြီးဌာနအသင်းက ပြည်ထဲရေး ၀နှင်းကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်း ကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ပြိုင်ပွဲများ တစ်ရက်နားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ၀နှင်းကြီး ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေး ၀နှင်းကြီးဌာနအသင်းနှင့် ပညာရေး၀နှင်းကြီးဌာန အသင်း၊ ပြည်ထဲရေး၀နှင်းကြီးဌာနအသင်း နှင့် အားကစားရေးရာ၀နှင်းကြီးဌာနအသင်း၊ အမျိုးသားအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေး၀နှင်းကြီးဌာနအသင်းနှင့် ပြည်ထဲ ရေး၀နှင်းကြီးဌာနအသင်း။ အားကစားရေးရာ ၀နှင်းကြီးဌာနအသင်းနှင့် လူ၀င်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား၀နှင်းကြီးဌာနအသင်း တို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်၍ အားကစား၀ါသနာရှင် မိဘပြည်သူများအနေ ဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီအားကစားကွင်းအတွင်း၌ မိုးလုံလေလုံအားကစားရုံအဆောက်အအုံသစ် ဆောက်လုပ်သွားမည်

စစ်တွေ နိုဝင်ဘာ ၁၅

ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီအားကစားကွင်းအတွင်း၌ မိုးလုံလေလုံအားကစားရုံ အဆောက်အအုံသစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်တွေမြို့ ဝေသာလီအားကစားကွင်းအတွင်း၌ ဆောက်လုပ်မည့် အဆောက်အအုံသစ်ဆောက်လုပ်မည့်မြေနေရာတွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဒိုး၊ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းလွှေ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်တွေမြို့ မမြာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူဖြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖွဲ့သရဏ္ဂုံယ ချီးမြှင့်တော်မူကြသည်။

ထို့နောက် သံဃာတော်အရှင်သူဖြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သတ်မှတ်နေရာများတွင် ပန္နက်တင်ကြပြီး အမွေးနုံသာရည် ပက်ဖျန်းပေးကြသည်။ **(ယာပုံ)**

ယင်းနောက် ဆောက်လုပ်ရေးတာဝန်ခံက မိုးလုံလေလုံအားကစားရုံအဆောက်အအုံသစ် တည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန်မှာကြားပြီး မိုးလုံလေလုံအားကစားရုံ အဆောက် စစ်ဆေးခဲ့ကြောင်း သိရသည်။



အအုံသစ် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှု့ တင်ထွန်း(ပြန်/ဆက်)။ ဓာတ်ပုံ- ဝင်းမင်းစိုး

မင်္ဂလာဒုံမြို့နယ် တောင်သူများအား ဆီထွက်သီးနှံပဲပုပ်စံပြကွက် စိုက်ပျိုးပြသခြင်းနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား ဆောင်းသီးနှံ ဆီထွက်ပဲပုပ် စံပြကွက်စိုက်ပျိုးပြသခြင်းနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က သဃ်ာန်းကျွန်းကြီးကျေးရွာ တောင်သူဦးဇော်ဦး၏ လယ်မြေပေါ်၌ ကျင်းပသည်။



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင်တို့က တောင်သူများအား ဆီထွက်သီးနှံ ပဲပုပ်၊ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများ စီမံချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ တိုင်းဌေးဇင်၏ ဆီဖုလုံမှုရာခိုင်နှုန်း မြင့်တက်စေရန် နေကြာနှင့် ပဲပုပ်သီးနှံများ အမှန်တကယ် စိုက်ပျိုးနိုင်ရေး အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား ဆီထွက်နေကြာစိုက်ကေအတွက် မျိုးစေ့များပေးအပ်ကာ ပဲပုပ်သီးနှံမျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးပြသခြင်းကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

မြို့နယ်(ပြန်/ဆက်)

◆ *ကျောဖုံးမှ*

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၅ မိနစ်တွင် လင်းသန့်စိုပြေ၊ ၂၀ မိနစ်၊ ၅၃ မိနစ်၊ ၅၉(ပယ်နယ်တီ)မိနစ်တို့တွင် ခွန်ချိထူးက သုံးဂိုးနှင့် ဖြ၉ မိနစ်တွင် လမင်းပြည့်စုံတို့က သွင်းယူပေးခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ချေဝိုးနှစ်ဂိုးကို မိနစ် ၈၀ တွင် ဖြိုးဝေအောင်နှင့် မိနစ် ၉၀ တွင် ဘုန်းသန့်ဇင်တို့က သွင်းယူခဲ့သည်။ AYA Pay ပွဲစဉ် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက် အသင်းမှ ခွန်ချိထူးက ရရှိခဲ့သည်။

ဗဟန်းကွင်းပွဲစဉ်တွင် အဆင့်(၁၁)နေရာမှ ဟံသာဝတီယူနိုက်တက် အသင်းက အဆင့် ၁၄ နေရာမှ ချင်းလန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၈ မိနစ်နှင့် ၄၅+၂ မိနစ်တွင် သူရည်ညီက နှစ်ဂိုး၊ ၅၂ မိနစ်တွင် အောင်ကျော်ခန့်က တစ်ဂိုးသွင်းယူခဲ့သည်။ ချင်းလန်းအသင်းအတွက် ချေဝိုးတစ်ဂိုးကို ၇၂ မိနစ်တွင် ဗန်ဒေါ်လျွန်ထန်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ အပတ်စဉ်(၂၄) နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဗဟန်းကွင်း၌ ရှမ်းယူနိုက်တက်နှင့် ISPE အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-ML**

မော်လမြိုင်မြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြော

မော်လမြိုင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ (စမ်းကြီး)၌ အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ကပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်လူမှုဝန်ထမ်းရုံးမှ ဦးစီးမှူးနှင့် နွေးထွေးသောရင်ခွင်အဖွဲ့မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ သိသင့်သိထိုက်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ သိကောင်းစရာများ ဥပဒေပိုင်းဆိုင်ရာ အချက်အလက်များနှင့် ကာကွယ်တားဆီးရေးနည်းလမ်းများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးခဲ့သည်။



စည်သူ(ပြန်/ဆက်)

❑ *ကျောဖုံးမှ*

ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် အဆင့်(၁)နေရာမှ SGF Youth အသင်းက FFU MinMaHaw အသင်းကို ငါးဂိုး-ဂိုးမရှိ၊ အဆင့်(၂)နေရာမှ Victoria အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၂ ဂိုး-နှစ်ဂိုး၊ အဆင့်(၃) နေရာမှ Pacific Sun Far အသင်းက United City အသင်းကို ငါးဂိုး-တစ်ဂိုး၊ Mahar Burma အသင်းက TKA Stars အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ Avengers Junior အသင်းက Jullniss FC အသင်းကို ခုနစ်ဂိုး-သုံးဂိုးနှင့် Bushido အသင်းက MAR Rein အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

အပတ်စဉ်(၂၀)ပွဲစဉ်များအပြီးတွင် SGF Youth အသင်းက ၅၃ မှတ်၊ Victoria အသင်းက အမှတ် ၅၀၊ Pacific Sun Far အသင်းက ၄၁ မှတ်၊ Mahar Burma က အမှတ် ၄၀၊ FFU Min-MaHaw က ၃၈ မှတ်၊ Avengers Junior က အမှတ် ၃၀၊ United City က ၂၇ မှတ်၊ Jullniss FC က ၂၄ မှတ်၊ TKA Stars FC က ၁၉ မှတ်၊ Bushido FC က ၁၃ မှတ်၊ ရွှေပြည်သာယူနိုက်တက်က ခုနစ်မှတ်နှင့် MAR Rein အသင်းက ငါးမှတ်ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ-MFF

✧ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ထားဝယ်မြို့ ဗျောတောဝရပ်ကွက် မြို့ပတ်လမ်းတွင် မြို့တိုမြို့ ထားဝယ်ကမ်းရပ်ကွက်နေ ထက်နိုင်စိုး(၂၉)နှစ် မောင်းနှင်ပြီး မြို့တိုမြို့ ကောလိပ်ရပ်ကွက်နေ မသိမ်မွေ့မိုး(၂၆)နှစ် လိုက်ပါလာသော KLUGER အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၉၉၅၂ ပြား (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၉၈၅ သိန်း) ဖမ်းဆီးရမိသဖြင့် ထက်နိုင်စိုးနှင့် မသိမ်မွေ့မိုးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျောက်မဲမြို့နယ် ဗူးခါးရွာအနီး ကျောက်မဲ-သီပေါသွားကားလမ်းတွင် ကျောက်မဲမြို့နယ် နားထွမ်ရွာနေ စိုင်းစံလှ(၂၅)နှစ် မောင်းနှင်လာသော SHAYAN-125 အမျိုးအစားဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၂၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ မမိမိခိုင်(ခ)မခိုင်(၅၆)နှစ်အား ကျောက်မဲမြို့ အုတ်ကျင်း(၁) ရပ်ကွက်ရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းစံလှနှင့် မမိမိခိုင်(ခ)မခိုင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



※ *ကျောဖုံးမှ*

ပေါ်တူဂီအသင်းသည် အသင်းအဓိကစားသမား စီရော်နယ်ဒို အနားယူပြီးနောက် ပထမဆုံးယှဉ်ပြိုင်ကစားသည့် ပွဲစဉ်တွင် ဂိုးပြတ်ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းအတွက် ၂၃၄ ပွဲ ပါဝင်ကစားထားပြီး ၁၄၆ ဂိုးအထိ သွင်းယူထားသော အသက် ၄၁ နှစ်အရွယ် စီရော်နယ်ဒိုသည် မကြာသေးမီက နိုင်ငံတကာကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာထားသည်။

ပေါ်တူဂီအသင်းသည် ရာမို့စ်၊ ဖာနန်ဒက်စ်၊ ဖီးလစ် စသည့်ထိပ်တန်းကစားသမားအများစု ဖြင့် ပွဲထွက်လာသော်လည်း ပုံမှန်ခြေစွမ်းပျောက်ဆုံးကာ နေးရှင်းလိဂ်ပြိုင်ပွဲတွင် ပထမဆုံးရှုံးပွဲနှင့် ကြုံတွေ့ခဲ့သည်။ သို့သော်လည်း ပေါ်တူဂီအသင်းသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် နေးရှင်းလိဂ်လေးပွဲတွင် လေးပွဲစလုံး နိုင်ပွဲရရှိထားသည့် ကွာတား ဖိုင်နယ်သို့ တက်လှမ်းထားနိုင်ပြီ ဖြစ်သည်။

ဒီနှိမ်တ်အသင်းသည် နောက်တစ်ဆင့် တက်လှမ်းနိုင်ရေးအတွက် နော်ဝေအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းရမည် ဖြစ်သည်။ **အောင်ဇော်**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အားကစားဥယျာဉ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း အားကစားသမား အချင်းချင်း စည်းလုံးညီညွတ်မှုဖြင့် တိုင်းဒေသကြီးဂုဏ်ဆောင် အမျိုးသမီးငယ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ကျန်းမာကြံ့ခိုင်သော အမျိုးသမီးငယ်များ ဖြစ်စေရန်နှင့် အမျိုးသမီးများ၏ အားကစား ကဏ္ဍမြင့်မားစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်း ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာ စကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအားကစား အဖွဲ့ နာယကနှင့်အတူ ပြိုင်ပွဲဝင် အသင်းများအား ရင်းရင်နှီးနှီး နွှတ်ဆက်ကာ (ယာပုံ) ပြိုင်ပွဲဝင် အသင်းများ၏ အေရိုးဗစ်လေ့ကျင့်စုပေါင်းသရုပ်ပြသနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု အဖွဲ့(အေရိုးဗစ်)ပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပ သိရသည်။

ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း **တိုင်းဒေသကြီး(ပြန်/ဆက်)**



မြောက်ဥက္ကလာပဆေးရုံကြီးမှ အထူးကုသရေးအဖွဲ့ ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွင်းဆင်းကုသ

ဟင်္သာတ နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီး ၁၁ ဦးပါဝင်သော အထူးကုသရေးအဖွဲ့နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသိဟ ဦးဆောင်၍ ဟင်္သာတမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် အနီးတစ်ပိုက်ရှိ မြို့နယ်များမှ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများကို နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ အထူးကုဆေးကုသရာသို့ ဧရာဝတီတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ခရိုင် ဗီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆေးကုသမှုခံယူကြသော လူနာများအား အားပေးစကား ပြောကြားကာ အာဟာရများ ကျွေးမွေးခြင်း၊ ပါမောက္ခ/အထူးကု ဆရာ ဝန်ကြီးများအား တွေ့ဆုံနွှတ်ဆက်၍ ဆေးကုသမှုများကို ကြည့်ရှုအားပေးခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါဆေးကုသမှုတွင် လူနာများအား နှလုံးပုံရိပ်ဖော်ရိုက်ကူးခြင်း၊ ECG ဆွဲခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှု ကုသခြင်း၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုနှင့် တယ်လီဗေးရှင်းဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း၊ သွေးတွင်းသကြားဓာတ် စစ်ဆေးခြင်း (HbAc)တို့အပြင် သွေးတိုးရောဂါနှင့်ဆက်စပ်၍ ဆီးနှင့် ကျောက်ကပ်ရောဂါအကြောင်းကို ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြသည်။

ဆေးကုသမှု အစီအစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်သာမက အနီးတစ်ပိုက်ရှိ ဇလွန်၊ ဓနုဖြူ၊ လေးမျက်နှာ၊ ကျုံပျော်၊ မြန်အောင်၊ အင်္ဂပူ၊ ရေကြည်မြို့နှင့် ပဲခူးတိုင်းဒေသကြီးရှိ လက်ပံတန်းမြို့နှင့် မိုးညှိမြို့နယ်များမှ ပြည်သူစုစုပေါင်း ၂၀၅၃ ဦး လာရောက်ပြသခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဘိုကလေး၌ ရေရှားပါးမှုမရှိစေရေး အသိပညာပေး

ဘိုကလေး နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ အယ်လ်နီညိုဖြစ်စဉ်များကြောင့် ရေရှားပါးနိုင်သည့် ကျေးရွာများအနက် ဆတ်ကျွန်း ကျေးရွာအုပ်စု မကျင်မြိုင်ကျွန်းအထက်စုကျေးရွာသို့ သောက်သုံးရေ ပြတ်လပ်ရှားပါးမှုမရှိစေရေးအတွက် ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်း၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အသိပညာပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်နှင့်အဖွဲ့က ကျေးရွာသူ ကျေးရွာသားများထံ ကွင်းဆင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေရှားပါးနိုင်သည့် အခြေအနေများကို အသိပညာပေးဟောပြော၍ ရေကန်များ၊ ရေသိုလှောင်ထားရှိသည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ရေကို စနစ်တကျသုံးစွဲရေးနှင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့်အချက်များနှင့်လိုအပ်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



ဒေးဒရဲမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်သစ်ရွေးချယ်

ဒေးဒရဲ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်



သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးအောင်အောင်နှင့် မြို့နယ်ကြီးကြပ်တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူးက လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမှုဆောင်ဒါရိုက်တာ အဖွဲ့မှအစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူဆောင်ရွက်သည်။ ထို့နောက်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့ရွေးချယ်ခြင်း၊ ကတိသစ္စာ ခံယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **အေဇာလင်း**

မော်လမြိုင်မြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား အသိပညာပေးရှင်းလင်း

မော်လမြိုင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ်ရှိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကျွမ်းကျင်လာစေရန်နှင့် ပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်စေရန်အတွက် မော်လမြိုင်မြို့နယ် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူရုံးဦးအား အသိပညာပေးရှင်းလင်းပြီး နိုဝင်ဘာ ၁၁ ရက်က မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ပြုလုပ်ရာ မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသဇင်ဟန်က လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအနေဖြင့် ၁၈၇၀ ပြည့်နှစ် ရုံးခွန်အက်ဥပဒေ၊ ၁၈၉၉ ခုနှစ် မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ၊ နည်းဥပဒေများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျလိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



ချမ်းမြသာစည်မြို့နယ် လူထုအခြေပြုဗဟိုဌာနခွဲ မွေးရပ်ဌာနေ ပတ္တမြားမြေ စာအုပ်မိတ်ဆက်ပွဲကျင်းပ

ချမ်းမြသာစည် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာရေးဆရာများအသင်း(ချမ်းမြသာစည်မြို့နယ်)တို့ပူးပေါင်း၍ စာရေးဆရာ ရဲတင့်ထွန်း(နီလာမြေ) ရေးသားသော “ကျွန်တော်၏ မွေးရပ်ဌာနေ ပတ္တမြားမြေ” စာအုပ်နှင့် “ကျွန်တော်၏ ဒုတိယဌာနေ မန္တလာမြေ” စာအုပ်မိတ်ဆက်ပွဲကို ယနေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် စာရေးဆရာ ဆွေနွယ်ဦး၊ စာရေးဆရာမ နုနုကြည် (အမေ့အိမ်) တို့က မုဒိတာအားပေးစကားပြောကြားပြီး စာရေးဆရာ ရဲတင့်ထွန်းက စာအုပ်နှင့်ပတ်သက်၍ မိုးကုတ်ပတ္တမြားမြေမှ ကိုယ်တွေ့ အတွေ့အကြုံများ၊ မိုးကုတ်မြို့၏ အထင်ကရဘုရားသမိုင်းကြောင်းများ၊ အထင်ကရ နေရာ သမိုင်းကြောင်းများ၊ မိုးကုတ်မြေမှထွက်ရှိသော အဖိုးတန်မိုးကုတ် ပတ္တမြားအကြောင်းများကို ပြောကြားသည်။



အဆိုပါစာအုပ်မိတ်ဆက်ပွဲအခမ်းအနားသို့ မြို့နယ်ပေါင်းစုံမှ စာရေးဆရာများ တက်ရောက်ခဲ့ပြီး မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြို့နယ်ရုံးအတွက် စာရေးဆရာရဲတင့်ထွန်း ရေးသားသော စာအုပ်များလှူဒါန်းခဲ့သည်။ **အလင်းသစ်(ပြန်/ဆက်)**

အာဆီယံပူးပေါင်းဆောင်ရွက်မှု သင်ခန်းစာများနှင့် ဖန်မင်းပင်မြို့တော်၏ ဖွံ့ဖြိုးတိုးတက်မှု

ဒေါက်တာတော်ထွန်းအောင်(ပညာရေး)

အရှေ့တောင်အာရှဒေသသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ သမိုင်း၊ ယဉ်ကျေးမှု၊ သဘာဝအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံများ မတူကွဲပြားသော်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ အတွေ့အကြုံနှင့် နည်းပညာများ မျှဝေခြင်းတို့မှတစ်ဆင့် ဘုံအနာဂတ်ကို တည်ဆောက်လျက်ရှိသည့် ဒေသတစ်ခုဖြစ်သည်။ ထိုသို့သော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသောမူဘောင်တစ်ရပ်မှာ **Initiative for ASEAN Integration(IAI)** ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို ကျဉ်းမြောင်းစေရန်နှင့် အာဆီယံ၏ ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ (ASEAN Main Portal)

ယခုအခါ **IAI Work Plan V 2026–2030** ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် (၄၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အတည်ပြုခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော်လျက်ရှိသည်။ Work Plan V တွင် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး၊ အသေးစားစီးပွားရေးနှင့် အလွတ်သဘောကဏ္ဍ၊ ပညာရေးနှင့် ကျွမ်းကျင်မှု၊ ပြည်သူ့ကျန်းမာရေး၊ ဒေသခံလူထုစွမ်းဆောင်ရည်နှင့် ခံနိုင်ရည်ရှိမှု၊ အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟူသည့် မဟာဗျူဟာနယ်ပယ် ခြောက်ရပ် ပါဝင်သည်။ အဓိကရည်မှန်းချက်မှာ အကျိုးအမြတ်များကို တန်းတူညီမျှစွာ ရရှိစေရေး၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တင်ရေးနှင့် အာဆီယံပေါင်းစည်းမှု ပိုမိုနက်ရှိုင်းစေရေးတို့ ဖြစ်သည်။ (ASEAN Main Portal)

IAI Work Plan V — ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ပူးပေါင်း၍ ကျဉ်းမြောင်းစေခြင်း

IAI Work Plan V သည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် တီမောလက်စ်တေတို့ဖြစ်သည့် **CLMV–TL** နိုင်ငံများအတွက် နိုင်ငံတကာနှင့် ဒေသတွင်းမိတ်ဖက်များထံမှ နည်းပညာအကူအညီ၊ စွမ်းဆောင်ရည်မြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ချိတ်ဆက်ပေးသည့် မူဘောင်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ပညာရေးနှင့် ကျွမ်းကျင်မှုကဏ္ဍကို လူစွမ်းအားဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ ဘဝအရည်အသွေးမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းရေးတို့၏ အခြေခံအုတ်မြစ်အဖြစ် အလေးထားသည်။ (ASEAN Main Portal)

ထို့အပြင် ၂၀၂၆ ခုနှစ်တွင် Work Plan V သည် စာရွက်ပေါ်ရှိ မူဝါဒတစ်ရပ်အဖြစ်သာ မဟုတ်တော့ဘဲ လက်တွေ့အကောင်အထည်ဖော်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဖွင့်လှစ်ပွဲတွင် IAI Task Force က Work Plan V အောက်ရှိ စီမံကိန်းအသစ် နှစ်ခုကို အသိအမှတ်ပြုခဲ့ပြီး စက်တင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည့် အကြိမ်(၈၀) မြောက် IAI Task Force အစည်းအဝေး၌ နောက်ထပ် စီမံကိန်းလေးခုကို အသိအမှတ်ပြုခဲ့ရာ စုစုပေါင်း အသိအမှတ်ပြုစီမံကိန်း ခြောက်ခုရှိလာပြီဖြစ်သည်။ (ASEAN Main Portal)

ယင်းအခြေအနေတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်ခြောက်ဦးသည် ဖန်မင်းပင်မြို့သို့ သွားရောက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးမှုများတွင် ပါဝင်ခဲ့ကြသည်။ ကဏ္ဍစုံမှ ကိုယ်စားလှယ်များ တစုတစည်းတည်း ပါဝင်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို ကဏ္ဍတစ်ခုတည်းဖြင့် မမြင်ဘဲ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ကို ချိတ်ဆက်စဉ်းစားရန် အရေးကြီးကြောင်း ဖော်ပြနေသည်။

ဖန်မင်းပင် — မြစ်သုံးစင်းဆုံရာမှ ခေတ်မီမြို့တော်ဆီသို့

IAI ဆွေးနွေးပွဲများ တက်ရောက်ရင်း ဖန်မင်းပင်မြို့တော်အတွင်း သွားလာကြည့်ရှုခွင့်ရခြင်းက စာတမ်းများနှင့် ဆွေးနွေးပွဲများမှရရှိသော အသိပညာအပြင် မြေပြင်အတွေ့အကြုံများကိုပါ ရရှိစေခဲ့သည်။ ဖန်မင်းပင်သည် ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော်နှင့် အကြီးဆုံးမြို့ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် သံတမန်ရေးရာ အချက်အချာ မြို့တော်တစ်ခုလည်း ဖြစ်သည်။ Phnom Penh Capital Hall ၏ အချက်အလက်များအရ မြို့တော်သည် **တုံလီဆပ်၊ မဲခေါင်နှင့် ဘတ်ဆက် (Bassac) မြစ်များဆုံရာ** Chaktomuk ဒေသတွင် တည်ရှိသည်။ (Phnom Penh Government)

ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကလည်း ဖန်မင်းပင်ကို အဆိုပါမြစ်သုံးစင်းဆုံရာ Chaktomuk ဒေသတွင် တည်ရှိသည့် မြို့တော်အဖြစ် ဖော်ပြထားသည်။ မြစ်ကမ်းတစ်လျှောက်ရှိ Riverfront Park သည် ဒေသခံပြည်သူများနှင့် ခရီးသွားများအတွက် အပန်းဖြေရန်၊ လမ်းလျှောက်ရန်နှင့် မြို့ပြဘဝကို လေ့လာနိုင်ရန် အရေးပါသည့် နေရာတစ်ခုဖြစ်သည်။ (Tourism Cambodia)

တုံလီဆပ်၊ မဲခေါင်နှင့် ဘတ်ဆက်မြစ်များ ဆုံရာ မြို့တော်၏ ရှုခင်းအလှများသည် ခေတ်မီဗီဒီယိုကာဒီနိုင်းများ၊ နိုင်ငံတကာအဆင့်မီ ကုန်တိုက်များ၊ ဟိုတယ်များနှင့် စီးပွားရေး အဆောက်အအုံများနှင့် ပေါင်းစပ်လျက်ရှိသည်။ မြစ်ကမ်းတစ်လျှောက်ရှိ ပြည်သူ့ဥယျာဉ်များနှင့် အများပြည်သူ အပန်းဖြေနေရာများသည် မြို့ပြဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို ဆက်စပ်ပေးထားပြီး မြို့ပြစီမံခန့်ခွဲမှု၏အရေးပါမှုကိုလည်း ထင်ဟပ်စေသည်။ (TourismCambodia)

မိုးမျှော်တိုက်များနှင့် မြို့ပြစီးပွားရေး၏ အရွေ့

ယနေ့ ဖန်မင်းပင်၏ မြို့ပြမိုးကောင်းကင်ကို ကြည့်ရှုလိုက်လျှင် ယခင်ကထက် ပိုမိုထင်ရှားလာသည့် မိုးမျှော်အဆောက်အအုံများ၊ စီးပွားရေးစင်တာများ၊ ဟိုတယ်များနှင့် လူနေအဆောက်အအုံများကို တွေ့မြင်ရသည်။ ထိုအဆောက်အအုံများသည် မြို့တော်၏ ရုပ်ပိုင်းဆိုင်ရာအသွင်အပြင်ကို ပြောင်းလဲပေးရုံသာမက စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ အိမ်ခြံမြေနှင့် ရင်းနှီးမြှုပ်နှံမှုတို့၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထင်ဟပ်စေသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၂၄ ခုနှစ် လူဦးရေမှာ ၁၇ ဒသမ ၆ သန်းခန့်ရှိပြီး မြို့ပြလူဦးရေမှာ ၇ ဒသမ ၂ သန်းခန့်ရှိကြောင်း ကမ္ဘာ့ဘဏ်ဒေတာတွင် ဖော်ပြထားသည်။ (World Bank Open Data) မြို့ပြလူဦးရေ တိုးတက်လာခြင်းသည် အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခွင့်အလမ်းများအတွက် မြို့ပြဒေသများ၏ အရေးပါမှု ပိုမိုမြင့်မားလာနေခြင်းကို ပြသသည့် အချက်တစ်ရပ်ဖြစ်သည်။ တစ်ချိန်တည်းတွင် အိမ်ရာ၊ သယ်ယူပို့ဆောင်ရေး၊ ရေ၊ မီလျှော်၊ အမှိုက်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဲ့သို့သော အခြေခံမြို့ပြဝန်ဆောင်မှုများကိုလည်း လူဦးရေတိုးတက်မှုနှင့်အညီ ပိုမိုကောင်းမွန်စွာ စီမံဆောင်ရွက်ရန် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေသည်။

ထို့ကြောင့် မြို့တစ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အဆောက်အအုံများ၏ အမြင့်၊ ခေတ်မီဒီဇိုင်းများနှင့် မြင်ကွင်းကျယ် skyline တစ်ခုတည်းဖြင့်သာ မသတ်မှတ်ဘဲ ထို skyline အောက်တွင် နေထိုင်ကြသည့် ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ ဆောင်ရွက်ခြင်းဖြစ်သည်။ ဤအချက်သည် ပညာရေးနှင့်လည်း နက်ရှိုင်းစွာ ဆက်စပ်နေသည်။ IAI Work Plan V က ပညာရေးနှင့်ကျွမ်းကျင်မှုကို အရေးကြီးသည့် မဟာဗျူဟာနယ်ပယ်အဖြစ် ထည့်သွင်းထားခြင်းမှာ လူစွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားလုံးပါဝင်နိုင်သည့် လူမှုအသိုက်အဝန်းတည်ဆောက်ရေးအတွက် ပညာရေး၏ အခန်းကဏ္ဍကို အသိအမှတ်ပြုထားခြင်းဖြစ်သည်။ (ASEAN Main Portal)

သမိုင်းအမွေအနှစ်နှင့် ခေတ်သစ်ကမ္ဘောဒီးယား

ဖန်မင်းပင်၏ ထူးခြားချက်တစ်ရပ်မှာ သမိုင်းနှင့် ခေတ်သစ်ကို တစ်နေရာတည်းတွင် တွေ့မြင်နိုင်ခြင်းဖြစ်သည်။ Royal Palace၊ Silver Pagoda၊ National Museum နှင့် Wat Phnom တို့က ခမာယဉ်ကျေးမှုနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သမိုင်းအမွေအနှစ်များကို ဖော်ပြနေကြသကဲ့သို့ မြို့ပြမိုးမျှော်တိုက်များ၊ ခေတ်မီကုန်တိုက်များနှင့် စီးပွားရေးစင်တာများက လက်ရှိခေတ်၏ အရွေ့ကို ဖော်ပြနေကြသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကလည်း ဖန်မင်းပင်၏ မြစ်ကမ်းဒေသ၊ Royal Palace၊ Silver Pagoda၊ National Museum နှင့် အခြားယဉ်ကျေးမှုဆိုင်ရာနေရာများကို အရေးပါသည့် ခရီးသွားနေရာများအဖြစ် ဖော်ပြထားသည်။ (Tourism Cambodia)

ထို့အပြင် Siem Reap ရှိ **Angkor Archaeological Park** သည် ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာ့ကျော်ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပြီး Angkor Wat၊ Angkor Thom၊ Bayon နှင့် Ta Prohm စသည့် ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းထားသည့် ကျယ်ပြန့်သော ရှေးဟောင်းသုတေသနနယ်မြေဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်းသည် ခရီးသွားလုပ်ငန်းအတွက် သာမက မျိုးဆက်သစ်များအတွက် သမိုင်းနှင့် ယဉ်ကျေးမှုအသိပညာကို ဆက်လက်ပေးပို့နိုင်ရေးအတွက်လည်း အရေးကြီးသည်။

ထိုအခြေအနေသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အမွေအနှစ်ထိန်းသိမ်းမှုတို့ကို တစ်ဖက်နှင့်တစ်ဖက် ဆန့်ကျင်ဘက်အဖြစ်မမြင်ဘဲ အပြန်အလှန်အားပေးနိုင်ဘည့်ပုံစံဖြင့် စီမံခန့်ခွဲရန်လိုအပ်ကြောင်း သတိပေးနေသည်။

Techo International Airport — ကမ္ဘောဒီးယား၏ ခေတ်သစ်တံခါးပေါက်

ယခုခရီးစဉ်တွင် အထူးသတိပြုမိစရာတစ်ရပ်မှာ **Techo International Airport** ဖြစ်သည်။ ဖန်မင်းပင်မြို့၏ တောင်ဘက်တွင် တည်ဆောက်ထားသည့် ဤလေဆိပ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာလေကြောင်းဆက်သွယ်ရေးကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ထားသည့် အဓိကအခြေခံအဆောက်အအုံတစ်ရပ်ဖြစ်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် စတင်လည်ပတ်ခဲ့သည်။

လေဆိပ်ကဲ့သို့သော အခြေခံအဆောက်အအုံများသည် ခရီးသည်များ သွားလာနိုင်ရန်အတွက်သာ မဟုတ်ဘဲ ခရီးသွားလုပ်ငန်း၊ ကုန်စည်စီးဆင်းမှု၊ နိုင်ငံတကာစီးပွားရေးဆက်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှုတို့အတွက် အခြေခံကွန်ရက်တစ်ရပ်အဖြစ် အရေးပါသည်။ ထို့ကြောင့် Techo International Airport ကို ကမ္ဘောဒီးယားနိုင်ငံ၏ “လေဆိပ်အသစ်” တစ်ခုအဖြစ်သာမက **နိုင်ငံတကာနှင့် ပိုမိုနက်ရှိုင်းစွာ ချိတ်ဆက်ရန် တည်ဆောက်ထားသည့် ခေတ်သစ်အခြေခံအဆောက်အအုံ**တစ်ရပ်အဖြစ် မြင်နိုင်သည်။ *စာမျက်နှာ ၁၁ သို့*

> **“ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအချက်တစ်ရပ်မှာ “မြို့ကို ခေတ်မီအောင် တည်ဆောက်ခြင်း” နှင့် “မြို့တွင် နေထိုင်သူများ၏ မြို့ပြယဉ်ကျေးမှုကို မြှင့်တင်ခြင်း” တို့ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ခြင်းဖြစ်သည်။ ဤအချက်သည် ပညာရေးနှင့်လည်း နက်ရှိုင်းစွာ ဆက်စပ်နေသည်။ IAI Work Plan V က ပညာရေးနှင့်ကျွမ်းကျင်မှုကို အရေးကြီးသည့် မဟာဗျူဟာနယ်ပယ်အဖြစ် ထည့်သွင်းထားခြင်းမှာ လူစွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားလုံးပါဝင်နိုင်သည့် လူမှုအသိုက်အဝန်းတည်ဆောက်ရေး အတွက် ပညာရေး၏ အခန်းကဏ္ဍကို အသိအမှတ်ပြုထားခြင်းဖြစ် ”**

ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံနယ်မြေအတွင်းတည်ထားသော စေတီတော်များ ထီးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားပြုလုပ်



နေပြည်တော် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံနယ်မြေအတွင်း တည်ထားသော စေတီတော်များ ထီးတော်တင်လှူခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကျိုင်းတုံမြို့ သီလခမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မ ဓောတိကဓဇ ဘဒ္ဒန္တကောဝိဒဝံဓီပိတ်ဆရာတော် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်စွာထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒစရိယ၊ အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ရတနာစစ်ဖုံးတော်၊ ဌာဂမြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ သာသနာ့ဝေယျာဝစ္စကျောင်း ဆရာတော် အဂ္ဂမဟာ ဂန္ဓဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိဇယ ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာတရား နာယူကြည်ညိုကြကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မင်္ဂလာချိန်တွင် သံဃာတော်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်များနှင့် ငှက်မြတ်နားတော်များကို သတ်မှတ်စေတီတော်များတွင် တင်လှူပူဇော်ကြကာ ပရိတ်နဲ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်များက "ဇယန္တောဗောဓိယာမူလေ" အစချီ ဇယမင်္ဂလာ အောင်ဂါထာတို့ကို ရွတ်ပွားတော် မူကြသည်။ ယင်းနောက် ထီးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

အင်းစိန်မြို့နယ်၌ စတုတ္ထအကြိမ်မြောက် စာရေးဆရာအသင်း(ဗဟို) ညီလာခံအတွေ့အကြုံရှင်းလင်း



ရန်ကုန် နိုဝင်ဘာ ၁၅

အင်းစိန်မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာအသင်း (ဗဟို)၏ ညီလာခံအတွေ့အကြုံရှင်းလင်းခြင်းနှင့် စာပေဟောပြောခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းနာယက သဘာပတိ ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် အသင်းနာယက ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှုခင်း) တို့က အသင်းရန်ပုံငွေ ရရှိရေး အကြံပြုဆွေးနွေးပြီး အသင်းဥက္ကဋ္ဌ ဦးသက်တင် (မောင်သာတင့် - မြန်အောင်)က စတုတ္ထအကြိမ် (ဗဟို) ညီလာခံ၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီးနောက် စာရေးဆရာမ တက္ကသိုလ်မြမ္မာ့အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့သည်။

ထို့နောက် စာရေးဆရာအသင်း စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာမကြီး ရွှေကူမေနှင်းက ရှေးဘုရင်ခေတ်က မဖြေလေးဏ်၏ အလွမ်းဘွဲ့တေးထပ် ရေးစပ်မှု စာပေအကြောင်းအရာများကို စိတ်ဝင်စားဖွယ် ဟောပြောခဲ့ကာ တာဝန်ရှိသူများက အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဥာဏ်လင်း

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက် မသွားအောင် ထိန်းသိမ်းပေး။

စာမျက်နှာ ၁၀ မှ

ဤအတွေ့အကြုံသည် မြန်မာနိုင်ငံအတွက် လည်းအခြေခံအဆောက်အအုံတည်ဆောက်ရာတွင် အဆောက်အအုံတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်း မပြဘဲလူ့စွမ်းအား၊ နည်းပညာ၊ စီမံခန့်ခွဲမှုဝန်ဆောင်မှု အရည်အသွေးနှင့် နိုင်ငံတကာချိတ်ဆက်မှုတို့ကို တစ်ပြိုင်နက်တည်း စဉ်းစားရန် အရေးကြီးကြောင်း လေ့လာစရာ ဖြစ်စေသည်။

ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအင်အား — လူသားအရင်းအမြစ်

ဖန္တမ်းပင်၏ မိုးမျှော်တိုက်များကို ကြည့်ရှုရင်း တကယ်တမ်း မေးမြန်းသင့်သည့် မေးခွန်းမှာ "အဆောက်အအုံများ မည်မျှဖြင့်သနည်း" ဆိုသည်ထက် "ထိုအဆောက်အအုံများကို တည်ဆောက်၊ စီမံ၊ လည်ပတ်နိုင်ရန် လူသားစွမ်းရည် မည်မျှ တိုးတက်လာသနည်း" ဆိုသည့် မေးခွန်းပင်ဖြစ်သည်။

ယင်းအချက်နှင့် IAI Work Plan V ၏ ပညာရေးနှင့်ကျွမ်းကျင်မှုကဏ္ဍသည် တိုက်ရိုက်ဆက်စပ်နေသည်။ အာဆီယံအနေဖြင့် ပညာရေးနှင့်ကျွမ်းကျင်မှုများကို လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေး၊ ဘဝအရည်အသွေးမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းရေးတို့၏ အခြေခံအုတ်မြစ်အဖြစ် သတ်မှတ်ထားသည်။ လက်ရှိ **ASEAN Work Plan on Education 2026–2030** သည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပညာရေးစနစ်များကို အားကောင်းစေရန်၊ အားလုံးပါဝင်နိုင်သည့် သင်ယူမှုစနစ်များကို မြှင့်တင်ရန်နှင့် အရည်အချင်းပြည့်ဝသည့် အလုပ်သမားအင်အား တည်ဆောက်ရန် ရည်ရွယ်ထားသည်။ (ASEAN Main Portal)

ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သော မြို့တော်တစ်ခု၏ အနောက်ကွယ်တွင် **အရည်အသွေးရှိသော ပညာရေး၊ ကျွမ်းကျင်သော လူ့စွမ်းအား၊ ထိရောက်သော စီမံခန့်ခွဲမှုနှင့် တာဝန်သိ နိုင်ငံသားများ** ရှိနေကြောင်း နားလည်နိုင်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံ

ဤခရီးစဉ်သည် အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ခရီးစဉ်တစ်ခုသာ မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မူဝါဒစာတမ်းများမှသာမက မြေပြင်အတွေ့အကြုံများမှလည်း လေ့လာနိုင်ခဲ့သည့် ခရီးစဉ်တစ်ရပ် ဖြစ်သည်။

နိုင်ငံခြားရေး၊ ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာနှင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ခြင်းသည်လည်း IAI Work Plan V ၏ အဓိကသဘောတရားနှင့် ကိုက်ညီသည်။ ဖွံ့ဖြိုးတိုးတက်မှုသည် ကဏ္ဍတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်းမှု၊ အသိပညာမျှဝေမှုနှင့် အကောင်အထည်ဖော်နိုင်စွမ်းတို့ လိုအပ်သည့်လုပ်ငန်းစဉ်ဖြစ်သည်။

ထို့အပြင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် IAI Task Force နှင့် ASEAN Partners တို့၏ (၁၆) ကြိမ်မြောက် Consultation Meeting တွင်လည်း CLMV–TL နိုင်ငံများ၏ မူဝါဒဦးစားပေးချက်များနှင့် လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးရေးအကူအညီများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် အရင်းအမြစ်စုစည်းမှုတို့ကို ဆက်လက်ဖြင့်တင်ရန် အလေးထား ဆွေးနွေးခဲ့ကြသည်။ (ASEAN Main Portal)

ယင်းသည် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ လုပ်ငန်းစဉ်များတွင် **ပါဝင်သူတစ်ဦးအဖြစ်သာမက အတွေ့အကြုံ၊ အသိပညာနှင့် ကဏ္ဍအလိုက် ကျွမ်းကျင်မှုများကို မျှဝေပေးနိုင်သည့် ပူးပေါင်းဆောင်ရွက်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ်** ပူးပေါင်းဆောင်ရွက်နေကြောင်း ပြသနေသည်။

ဖန္တမ်းပင်မှ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

ဖန္တမ်းပင်မြို့သည် မြစ်သုံးစင်းဆုံရာ သဘာဝပထဝီအနေအထား၊ ရှေးဟောင်းခမာယဉ်ကျေးမှုအမွေအနှစ်၊ ခေတ်မီမိုးမျှော်တိုက်များ၊ ပြည်သူ့အပန်းဖြေနေရာများ၊ စီးပွားရေးစင်တာများနှင့် ခေတ်မီအခြေခံအဆောက်အအုံများ ပေါင်းစပ်နေသည့် မြို့တော်တစ်ခုအဖြစ် မြင်တွေ့ရသည်။ မြစ်ကမ်းလမ်းလျှောက်နေရာမှ မြို့ပြရှုခင်း၊ ရှေးဟောင်းယဉ်ကျေးမှုနေရာများမှ ခေတ်မီလေဆိပ်အထိ မြင်တွေ့ရသမျှတို့သည် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ကဏ္ဍတစ်ခုတည်းဖြင့် တည်ဆောက်၍ မရဘဲ အစိတ်အပိုင်းများစွာ ပေါင်းစပ်တည်ဆောက်ရသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း သတိပေးနေသည်။

မြို့တော်ကို မိုးမျှော်တိုက်များဖြင့် မြင့်မားအောင် တည်ဆောက်နိုင်သော်လည်း နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို လူသားအရင်းအမြစ်၊ ပညာရေး၊ စီမံခန့်ခွဲမှုနှင့် နိုင်ငံသားကောင်းများဖြင့်သာ မြင့်မားအောင် တည်ဆောက်နိုင်မည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ရှေ့ဆက်၍ **IAI Work Plan V၊ ASEAN Work Plan on Education 2026–2030** နှင့် အခြားသက်ဆိုင်ရာ အာဆီယံမူဘောင်များအတွင်း တက်ကြွစွာပါဝင်ခြင်း၊ နိုင်ငံအချင်းချင်း အတွေ့အကြုံဖလှယ်ခြင်း၊ ပညာနှင့် နည်းပညာ မျှဝေခြင်း၊ လူ့စွမ်းအားဖွံ့ဖြိုးရေးကို မြှင့်တင်ခြင်းနှင့် ဒေသတွင်း ပူးပေါင်းစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းတို့မှတစ်ဆင့် မိမိနိုင်ငံ၏ လိုအပ်ချက်များနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အာဆီယံအလိုက်အဝန်းသည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ယှဉ်ပြိုင်ရန်အတွက်သာမက အပြန်အလှန်သင်ယူရန်၊ အတွေ့အကြုံမျှဝေရန်နှင့် အောင်မြင်မှုများကို အချင်းချင်းအားဖြည့်ပေးရန် အခွင့်အလမ်းများစွာ ပေးစွမ်းနေသည့် အသိုက်အဝန်း တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ခရီးစဉ်တိုင်းကို အမှတ်တရတစ်ခုအဖြစ်သာ မထားဘဲ သင်ယူမှုတစ်ခုအဖြစ် ခံယူပြီး၊ သင်ယူမှုတိုင်းကို လက်တွေ့လုပ်ဆောင်မှုအဖြစ် ပြောင်းလဲကာ လက်တွေ့လုပ်ဆောင်မှုတိုင်းမှ နိုင်ငံနှင့် ပြည်သူတို့အတွက် အကျိုးရှိသော တန်ဖိုးသစ်များ ဖန်တီးနိုင်ရန် ကြိုးပမ်းရပါမည်။

အတွေ့အကြုံမှ လုပ်ဆောင်ချက်သို့ လုပ်ဆောင်ချက်မှ အနာဂတ်သို့

ဖန္တမ်းပင်မှ မြင်တွေ့လေ့လာခဲ့ရသမျှသည် ခရီးစဉ်တစ်ခု၏ အမှတ်တရအဖြစ်သာ ကျန်ရှိမနေသင့်ပေ။ ထိုအတွေ့အကြုံများကို အသိပညာအဖြစ် ပြောင်းလဲ၍ အသိပညာကို လက်တွေ့လုပ်ဆောင်ချက်များအဖြစ် ဖော်ဆောင်နိုင်မှသာ ခရီးစဉ်၏ တန်ဖိုးသည် ပိုမိုပြည့်ဝလာမည်ဖြစ်သည်။ အာဆီယံဒေသအတွင်း အပြန်အလှန်လေ့လာသင်ယူခြင်းနှင့် အတွေ့အကြုံများ မျှဝေခြင်းမှရရှိသည့် အကျိုးကျေးဇူးများကို မိမိတို့ နိုင်ငံ၏အခြေအနေများနှင့် ကိုက်ညီအောင် ပြန်လည်အသုံးချရန်လည်း အရေးကြီးသည်။

ထို့ကြောင့် ယခုအချိန်သည် လေ့လာရုံနှင့် ရပ်တန့်နေမည့်အချိန်မဟုတ်ဘဲ လေ့လာခဲ့သမျှကို လက်တွေ့အဖြစ် ပြောင်းလဲရမည့်အချိန်ဖြစ်သည်။ ရရှိခဲ့သည့်အသိပညာများကို မျှဝေရပါမည်။ အတွေ့အကြုံများကို လက်တွေ့အသုံးချရပါမည်။

မတူညီမှုများကို အတားအဆီးအဖြစ် မမြင်ဘဲ အပြန်အလှန်သင်ယူနိုင်သည့် အခွင့်အလမ်းများအဖြစ် အသုံးချကြပါစို့။ အာဆီယံမိသားစုအတွင်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနိုင်မာစေပြီး လူငယ်များအတွက် အခွင့်အလမ်းများ၊ လူ့အဖွဲ့အစည်းအတွက် တိုးတက်မှုများနှင့် နိုင်ငံအတွက် ရေရှည်တည်တံ့သော အနာဂတ်ကို ယနေ့မှစ၍ အတူတကွ ဖန်တီးကြပါစို့။

အတွေ့အကြုံကို အသိပညာအဖြစ်၊ အသိပညာကို လုပ်ဆောင်ချက်အဖြစ်၊ လုပ်ဆောင်ချက်ကို ရလဒ်ကောင်းများအဖြစ် ပြောင်းလဲနိုင်မှသာ ယနေ့၏ လေ့လာမှုသည် မနက်ဖြန်၏ တိုးတက်မှုအဖြစ် ရှင်သန်လာမည်ဖြစ်သည်။ ထိုအနာဂတ်ကို အတူတကွ စတင်တည်ဆောက်ကြပါစို့။ ။

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (ဒုတိယနေ့)ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၁၅

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) (ဒုတိယနေ့)ကို နိုဝင်ဘာ ၁၃ ရက်က လွိုင်ကော်မြို့ရှိ ကယားပြည်နယ်လွှတ်တော်ရုံး လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးမော်ရယ်က တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (ဒုတိယနေ့) သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးရှိပြီး တက်ရောက်သူ ၁၀၀ ရာခိုင်နှုန်းရှိသည့်အတွက် တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (ဒုတိယနေ့) အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။





ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းအမိန့်စာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်သည်။

အစားထိုးခန့်အပ်

ဆက်လက်၍ အစားထိုးခန့်အပ်သည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နောင်လတ်က ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) (ဒုတိယနေ့)ကို ရပ်နားလိုက်ကြောင်း သိရသည်။

ပြည်နယ်

(ပြန်/ဆက်)

မြန်မာအနုညာတခုံသမာဓိများအဖွဲ့က ဖွင့်လှစ်သည့် အနုညာတခုံသမာဓိသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်း



နေပြည်တော် နိုဝင်ဘာ ၁၅

မြန်မာအနုညာတ ခုံသမာဓိများအဖွဲ့ (College of Myanmar Arbitrators-CMA)က ဖွင့်လှစ်သည့် အနုညာတခုံသမာဓိသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (အတွင်း၀န်ရုံး) ၌ ကျင်းပရာ မြန်မာအနုညာတ စီရင်ဆုံးဖြတ်ခြင်းဗဟိုဌာနနှင့် မြန်မာအနုညာတ ခုံသမာဓိလူကြီးများအဖွဲ့ တည်ထောင်သူနှင့် ဥက္ကဋ္ဌဒေါက်တာ မောင်မောင်သိမ်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်း သူ ၁၄၉ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

နယ်ပယ်အသီးသီးမှ တက်ရောက်

ယခုဖွင့်လှစ်ခဲ့သည့် အနုညာတ ခုံသမာဓိသင်တန်းသို့ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ သင်္ဘောသား၊ ဗိဒိယာသမားများ စသည့်နယ်ပယ်အသီးသီးမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့သည့်အပြင် ပြည်တွင်း၊ ပြည်ပမှ သင်တန်းသားသင်တန်းသူများလည်း အွန်လိုင်းမှ တက်ရောက်ခဲ့ကြသည်။

မြန်မာအနုညာတ စီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာနသည် အနုညာတခုံသမာဓိနည်းလမ်းဖြင့် မြန်မာနိုင်ငံသား အချင်းချင်း ဖြစ်ပွားသည့် အငြင်းပွားမှုများ သာမက မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား၊ နိုင်ငံခြားသားအချင်းချင်းဖြစ်ပွားသည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကိုပါ အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုထွေး

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၃၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးဖြိုဖစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၇ လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား မှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြုပြေပုံ။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု။

တစ်ပတ်တာ ဖတ်စရာ

မြန်မာရေးရာ

နိုဝင်ဘာ ၈ ရက်

နိုင်ငံတော်သမ္မတနှင့်ဇနီး မြန်မာ့ရိုးရာပွဲစျေးနှင့် မြန်မာ့ပရိဘောဂပြပွဲ (၂၀၂၆)တို့ကို သွားရောက်ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ရန်ကုန်မြို့ရှိ မြန်မာ့ရိုးရာပွဲစျေးနှင့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)တို့သို့ သွားရောက်ကြည့်ရှုအားပေးပြီး ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာအစားအစာ၊ အဝတ်အထည်၊ ဒေသထွက်ကုန်နှင့် ပရိဘောဂပစ္စည်းများကို ကြည့်ရှုအားပေးသည်။

နိုဝင်ဘာ ၉ ရက်

မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်း ၁၁ ခုကို တပ်မတော် စစ်ကြောင်းများ တိုက်ခိုက်သိမ်းပိုက်

တပ်မတော်စစ်ကြောင်းများသည် နိုဝင်ဘာ ၅ ရက်မှ ၈ ရက်အထိ သိမ်ဇရပ်–ကျိုက်ထိုဒေသနှင့် ရွှေကျင်မြို့နယ်အတွင်းရှိ NUG၊ CRPH အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် KNU၊ KNLA ပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်း ၁၁ ခုကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး လက်နက်မျိုးစုံ ၉၇ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၀ ရက်

နိုင်ငံတော်သမ္မတ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာပြခန်းများ ဖွင့်လှစ်ပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ MICC–1 ၌ ကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ပြခန်းများနှင့် ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲဝင်လက်ရာများကို ကြည့်ရှုအားပေးကာ လူငယ်များ အာကာသသိပ္ပံနှင့် နည်းပညာကို စိတ်ဝင်စား လေ့လာအသုံးချနိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။

TNLA အဖွဲ့ဝင် ၂၀၀ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်

TNLA အဖွဲ့မှ ဗျူဟာမှူးအဆင့်ရှိသူတစ်ဦးအပါအဝင် အမျိုးသား ၁၇၈ ဦးနှင့် အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၂၀၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ပြီး မိုးကုတ်မြို့တွင် လက်နက်၊ ခဲယမ်းများ လွှဲပြောင်းအပ်နှံကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၁ ရက်

NSSA က အလုပ်အကိုင် ၄၂ မျိုးတွင် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ၃၃၅၀၀ အား ပေးအပ်နိုင်ခဲ့

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ အလုပ်အကိုင် ၄၂ မျိုးတွင် ကျွမ်းကျင်မှုအဆင့် ၁ မှ ၃ အထိ စုစုပေါင်း ၃၃၅၀၀ အား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပြီး ရန်ကုန်မြို့တွင် ကျင်းပသည့် အခမ်းအနားသို့ အလုပ်အကိုင် ၁၀ မျိုးအတွက် အောင်မြင်သူ ၈၆၅ ဦးကိုလည်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်

နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ မြန်မာ-ထိုင်းနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရေး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်ရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၃ ရက်

သာကေတမြို့နယ်တွင် ဆုကြေးထုတ်ထားသည့် တရုတ်နိုင်ငံသားတစ်ဦး အပါအဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၁၀၆ ဦး ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ Golden River Residence Condo တွင် တရုတ်နိုင်ငံ၌ ဆုကြေးငွေထုတ်ပြန်ထားသည့် တရုတ်နိုင်ငံသား Su Fu Quan အပါအဝင် တရုတ်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၆ ဦးကို ကွန်ပျူတာ၊ ဖုန်းနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့သည် နိုင်ငံတကာရှိ ပစ်မှတ်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးဝယ်ယူမှုအကြောင်း ပြု၍ အွန်လိုင်းမှ ငွေကြေးလိမ်လည်မှုများ လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက်

ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသားရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းအောင်ပွဲ ရေစက်ချမဟာမင်္ဂလာအခမ်းအနား ကျင်းပ

ပဲခူးမြို့ရှိ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသားရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် အရှေ့ဘက်အာရုံခံတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အောင်မြင်ပြီးစီးမှုအထိမ်းအမှတ် ရေစက်ချမဟာမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးတို့ တက်ရောက်ပူဇော်ခဲ့ပြီး သံဃာတော်အပါး ၉၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။

❂ ❂ ❂

ကမ္ဘာရေးရာ

အီဂျစ်နိုင်ငံ၌ ရထားနှစ်စင်းတိုက်မှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၁၁၂ ဦး ဒဏ်ရာရ

ကိုင်ရိုမြို့ဆင်ခြေဖုံးဒေသတွင် နိုဝင်ဘာ ၈ ရက်က ရထားနှစ်စင်း တိုက်မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ၁၁၂ ဦး ဒဏ်ရာရရှိခဲ့ကာ အီဂျစ်သမ္မတက ဖြစ်စဉ်ကို အခြေခံဆုံးစုံစမ်းစစ်ဆေးရန် ညွှန်ကြားထားသည်။

ထရမ့်က ပူတင်၊ ရှီကျင့်ဖျင်တို့နှင့် သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရန် မျှော်လင့်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုဝင်ဘာ ၉ ရက်တွင် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးပြင်ပ၌ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှင့် တွေ့ဆုံဆွေးနွေးရန် မျှော်လင့်ထားပြီး ရှေ့ကလီးယားလက်နက် ဖျက်သိမ်းရေးအပါအဝင် ကိစ္စရပ်များကို ဆွေးနွေးဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ကမ္ဘာတစ်ဝန်း အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံကျင်းပ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကမ္ဘာတစ်ဝန်း အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေး နိုင်ငံတကာ ညီလာခံကျင်းပလျက်ရှိပြီး နိုင်ငံအသီးသီးမှ အစိုးရ ဥပဒေဖိုးမိုးရေး၊ ဘဏ္ဍာရေးနှင့် နည်းပညာကဏ္ဍ ကိုယ်စားလှယ်များ တက်ရောက်ကာ လိမ်လည်မှုကွန်ရက်များနှင့် ရာဇဝတ်ဂိုဏ်းခေါင်းဆောင်များကို ပူးပေါင်းနှိမ်နင်းရေး ဆွေးနွေးလျက်ရှိသည်။

သီရိလင်္ကာနိုင်ငံသည် ခရီးသည်သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းတွင် အသုံးပြုနိုင်ရေးအတွက် နိုဝင်ဘာ ၁၁ ရက်တွင် ကိုလံဘို ဆိပ်ကမ်းမြို့၌ လျှပ်စစ်စွမ်းအင်သုံး ဒေါင်လိုက်ပျံတက်ဆင်းနိုင်သည့် ခရီးသည်တင်ဒုရန်းကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့ပြီး စီးပွားဖြစ်အသုံးမပြုမီ ခြောက်လခန့် ဆက်လက်စမ်းသပ်သွားမည် ဖြစ်သည်။

တရုတ်နိုင်ငံ၏ ယခုနှစ် ကားတင်ပို့မှု အစီးရေ ၁၁ သန်းကျော်အထိ ရှိလာနိုင်

တရုတ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကားသစ်အစီးရေ ၉ ဒသမ ၂၇ သန်း တင်ပို့ခဲ့ပြီး ယမန်နှစ် အလားတူ ကာလထက် ၆၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ယခုနှစ်ကုန်တွင် တင်ပို့မှုအစီးရေ ၁၁ သန်းကျော်အထိ ရှိလာနိုင်ကြောင်း နိုဝင်ဘာ ၁၂ ရက်တွင် တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်သူများအသင်းက ခန့်မှန်းထားသည်။

Microsoft ဝန်ဆောင်မှုများ ကမ္ဘာတစ်ဝန်း ချွတ်ယွင်းမှုဖြစ်ပွား

Microsoft 365 ၏ Outlook၊ Teams နှင့် Copilot အပါအဝင် အွန်လိုင်းဝန်ဆောင်မှုများတွင် နိုဝင်ဘာ ၁၃ ရက်က ဆာဗာပြဿနာကြောင့် ချိတ်ဆက်မှုများ ပြတ်တောက်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ လုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် အစိုးရဌာနများ ထိခိုက်ခဲ့ကာ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဖြစ်ပွားခြင်းမဟုတ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။

တူကီယဲနှင့် ကာတာနိုင်ငံတို့ အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး

တူကီယဲသမ္မတ ရီဆက်တေရစ် အာဒိုဂန်နှင့် ကာတာဘုရင် ရှိတ်ခ်တာမင် ဘင် ဟာမက် အယ်လ်သာနီတို့သည် နိုဝင်ဘာ ၁၃ ရက်က အစ္စတန်ဘူလ်မြို့၌ အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက် အပါအဝင် ကုန်သွယ်ရေး၊ ပညာရေးနှင့် သံတမန်ရေးရာဆိုင်ရာ သဘောတူညီချက် ငါးရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

❑ ❑ ❑

အောင်လံမြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ဖွင့်ပွဲကျင်းပ

အောင်လံ နိုဝင်ဘာ ၁၅

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု (နိုင်ငံတော်ထောက်ပံ့) ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေတို့ဖြင့် ဆောင်ရွက်သော အောင်လံခရိုင် အောင်လံမြို့နယ် တန်ဘိုးကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖက်ဖြိုး ဖြတ်ဖွင့်လှစ်ပေးသည်။



အာကာ (ပြန်/ဆက်)

ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏။

ကမ္ဘောဒီးယား၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် ယူနက်စကို၏ ပံ့ပိုးမှုကို ဝန်ကြီးချုပ် ချီးကျူး


ဖနောင်ပင် နိုဝင်ဘာ ၁၅

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ကမ္ဘောဒီးယားနိုင်ငံ၏ ဒြပ်ရှိနှင့်ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရာတွင် ယူနက်စကို (UNESCO) ၏ စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုနှင့် ဆောင်ရွက်မှုများအပေါ် အလွန်ကျေးဇူးတင်မိကြောင်း နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းအမွေအနှစ်များသည် လူသားမျိုးနွယ်အားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟွန်မာနက်သည် ဖနောင်ပင်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်၌ ယူနက်စကိုညွှန်ကြားရေးမှူးချုပ် ခါလစ်အယ်လ်-အိနာနီနှင့်တွေ့ဆုံစဉ် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ယူနစ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယဉ်ကျေးမှုအမွေအနှစ်သည် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် မောင်းနှင်အားတစ်ခုအဖြစ် အထောက်အကူပြုကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ် အယ်လ်-အိနာနီသည် အကြိမ် (၂၀) မြောက် ဖရန်ကိုဖိုနီထိပ်သီးအစည်းအဝေးနှင့် ကမ္ဘောဒီးယားနိုင်ငံ ယူနက်စကိုအဖွဲ့ဝင်ဖြစ်ခြင်း (၇၅) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားတို့ကို တက်ရောက်ရန် ရောက်ရှိခဲ့ကြောင်း သိရသည်။



ဆင်ဟွာ

အမေရိကန်က ဂျပန်အခြေစိုက် ၎င်း၏တပ်ဖွဲ့ဝင်များအတွက် အသုံးစရိတ် သုံးဆတိုးမြှင့်ပေးရန် တောင်းဆို

ဝါရှင်တန် နိုဝင်ဘာ ၁၅

အမေရိကန်ပြည်ထောင်စုသည် ဂျပန်နိုင်ငံ၌ အခြေစိုက်ထားသော အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ငါးနှစ်တာအတွင်း ယန်း သုံး ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈ ဘီလီယံခန့်) အထိ ထောက်ပံ့ပေးရန် ဂျပန်နိုင်ငံကို တောင်းဆိုထားကြောင်း သိရသည်။

ယင်းတောင်းဆိုမှုပမာဏသည် လက်ရှိသုံးစွဲနေသည့် ပမာဏထက် သုံးဆနီးပါး ပိုမိုများပြားသည်။ ဂျပန်နိုင်ငံသည် နိုင်ငံအတွင်းရှိ အမေရိကန်အခြေစိုက်စခန်းများမှ ဝန်ထမ်းများအတွက် အသုံးစရိတ်များ၊ လုပ်ခလစာများ၊ အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်ရန် နေရာပြောင်းရွှေ့ချထားခြင်းဆိုင်ရာ ကုန်ကျစရိတ်နှင့် အခြားအသုံးစရိတ်များအတွက် ထောက်ပံ့ပေးရသည်။

နှစ်နိုင်ငံအစိုးရသည် ကုန်ကျစရိတ်မျှဝေကျခံမည့် ပမာဏကို ငါးနှစ်လျှင်တစ်ကြိမ်မိုးပါး ညှိနှိုင်းဆွေးနွေးကြပြီး လာမည့်ဘဏ္ဍာနှစ်မှစတင်၍ ငါးနှစ်တာအတွင်း နှစ်နိုင်ငံနိုင်ငံခြားရေးနှင့် ကာကွယ်ရေးတာဝန်ရှိသူများအကြား လုပ်ငန်းအဆင့်ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက် ရှိသည်။

ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးမှုသည် ၂၀၂၂-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံကျော်ရှိသည်။ **အင်နီအိတ်ချ်ကော**

အန်းဒရွိုက်ဖုန်းသုံးစွဲသူများ၏ အချက်အလက်များရယူသုံးစွဲသဖြင့် အီတလီအစိုးရက မက်တာကုမ္ပဏီကို ဒဏ်ကြေး ယူရို ၉၀၅ သန်း ချမှတ်

ရောမ နိုဝင်ဘာ ၁၅

အန်းဒရွိုက်(Android) စနစ်သုံး စမတ်ဖုန်းများအတွက် ဖေ့စ်ဘွတ်ခ်အက်ပ်မှတစ်ဆင့် အီတလီနိုင်ငံရှိ အသုံးပြုသူများ၏ ခွင့်ပြုချက်မရဘဲ ၎င်းတို့၏ စမတ်ဖုန်းများတွင် သိမ်းဆည်းထားသော ဓာတ်ပုံ၊ ဗီဒီယိုနှင့် အချက်အလက်များကို ရယူသုံးစွဲခဲ့ခြင်းကြောင့် အီတလီ ဒေတာကာကွယ်ရေး အာဏာပိုင်အဖွဲ့က နိုဝင်ဘာ ၁၄ ရက်တွင် Meta Platforms Ireland Limited ကုမ္ပဏီကို ဒဏ်ငွေ ယူရို ၉၀၅ သန်း ချမှတ်ခဲ့ကြောင်း သိရသည်။



စုံစမ်းစစ်ဆေးမှုကို ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး ဘိုဇာနိုမြို့ စားသုံးသူရေးရာ ကာကွယ်ရေးစင်တာမှ တိုင်ကြားချက်ရရှိပြီးနောက် အာဏာပိုင်များက နည်းပညာဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်ခဲ့သည်။

မက်တာကုမ္ပဏီသည် အီတလီနိုင်ငံ၏ လူတစ်ဦးတစ်ယောက် ချင်းစီ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်ပေးရေးနှင့် သက်ဆိုင်သည့် စမတ်ဖုန်းကာကွယ်ရေး ဥပဒေပုဒ်မ ၁၂၂ ကို ချိုးဖောက်ခဲ့ကြောင်း အဆိုပါ စောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်အရ မက်တာကုမ္ပဏီသည် ရက်ပေါင်း ၆၀ အတွင်း ယင်း လုပ်ဆောင်ချက်များကို မူလ သတ်မှတ်ချက်အနေဖြင့် ပိတ်ထားရမည်ဖြစ်ပြီး အသုံးပြုသူများထံမှ သီးခြားတိကျသော ခွင့်ပြုချက် တောင်းခံမှုဖြင့် သဘောတူညီချက် ရယူရမည်ဖြစ်သည်။ **ဆင်ဟွာ**

လက်ဘန္ဓန်၌ ပဋိပက္ခများကြောင့် ပျက်စီးခဲ့ရသည့်နေရာသုံးခုတွင် နေရပ်စွန့်ခွာပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ဆောင်ရန် သမ္မတ အဆိုပြု

ဘေရွတ် နိုဝင်ဘာ ၁၅

ပဋိပက္ခကာလ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရသည့် ဒေသသုံးခုကိုပြန်လည်တည်ဆောက်ရေးလုပ်ဆောင်ရန် လက်ဘန္ဓန်သမ္မတ ဂျိုဆက်အောင်းက နိုဝင်ဘာ ၁၄ ရက်တွင် အလေးပေးပြောကြားခဲ့သည်။

ယင်းသို့ ပြန်လည်တည်ဆောက်ခြင်းဖြင့် နေရပ်စွန့်ခွာထွက်ပြေးရသူများ နေရပ်ပြန်နိုင်ရေး အားပေးရာရောက်သကဲ့သို့ ပြည်သူများ၏ ယုံကြည်မှုကို ခိုင်မာစေသည်ဟု လက်ဘန္ဓန် သမ္မတရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါဒေသများအတွက် ပြန်လည် ထူထောင်ရေးလုပ်ဆောင်ရန် ဘဏ္ဍာရေးအခြေအနေမှာလည်း ကန့်သတ်မှုများအောက်တွင် ရှိနေဆဲဖြစ်သည်ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

လက်နက်များအားလုံးကို နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်မှု အောက်တွင်သာ ထားရှိရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် ပြည့်စုံသော ချဉ်းကပ်မှုတစ်ရပ်အနေဖြင့် ပြန်လည် တည်ဆောက်ရေးအစီအစဉ်ကို ၎င်းက အဆို ပြုခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

ဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့က ပဲ့ထိန်းဒုံးကျည်နှစ်စင်းနှင့် ဒရုန်းသုံးစင်းကို ကြားဖြတ်ပစ်ချ ဟန့်တား

ရီယာဒ် နိုဝင်ဘာ ၁၅

ယီမင်နိုင်ငံရှိဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့သည်ဆော်ဒီအာရေဗျနိုင်ငံ၏ မြို့တော်ရီယာဒ်နှင့် နိုင်ငံအရှေ့ပိုင်းပြည်နယ်သို့ ဦးတည် ပစ်လွှတ်ခဲ့သော ပဲ့ထိန်းဒုံးကျည်နှစ်စင်းနှင့် ဒရုန်းသုံးစင်းကို ကြားဖြတ်ပစ်ချ ဟန့်တားခဲ့ကြောင်း နိုဝင်ဘာ ၁၅ ရက်တွင် ပြောသည်။

မဟာမိတ်အဖွဲ့၏လေကြောင်းရန် ကာကွယ်ရေးစနစ်များသည် ရီယာဒ်မြို့သို့ ဦးတည်ပစ်လွှတ်လိုက်သော ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို ကြားဖြတ်ပစ်ချ ဖျက်ဆီးနိုင်ခဲ့ကြောင်း မဟာမိတ်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ၏ လူမှုကွန်ရက် X တွင် ဖော်ပြထားသော ထုတ်ပြန်ချက် အရ သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ မြို့တော် ရီယာဒ်ဒေသခံများသည် နိုဝင်ဘာ ၁၅ ရက် အစောပိုင်း၌ ပေါက်ကွဲသံများကို ကြားခဲ့ရပြီး မိုဘိုင်းဖုန်း အက်ပလီကေးရှင်းများမှလည်း သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ သီးခြားထုတ်ပြန်ချက်သုံးခုတွင် မဟာမိတ်အဖွဲ့သည် နိုင်ငံအရှေ့ပိုင်းပြည်နယ်၌ ဒရုန်းသုံးစင်းကို ပစ်ချဖျက်ဆီးနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

မဟာမိတ်အဖွဲ့က ပစ်မှတ်ထားခံရသည့်နေရာများသို့မဟုတ် တိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုများ၊ ပျက်စီးဆုံးရှုံးမှုများ ရှိ မရှိနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ထပ်မံ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ **ဆင်ဟွာ**

အာရှတွင် ရှူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး ဂျပန်နှင့် ADB ကူညီမည်

တိုကျို နိုဝင်ဘာ ၁၅

ဂျပန်စီးပွားရေးဆိုင်ရာဝန်ကြီးဌာနသည် အာရှနိုင်ငံများတွင် ရှူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာဝန်ကြီး အကာဇဝါရိဆေးသည် နိုင်ငံတကာညီလာခံတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော် မနီလာသို့သွားရောက်ပြီး အာရှဒေသတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရန် ဘဏ္ဍာရေးပံ့ပိုးပေးလျက်ရှိသော ADB ဘဏ်ဥက္ကဋ္ဌ ကန်ဒါမာဆာတို့နှင့် နိုဝင်ဘာ ၁၆ ရက်တွင် တွေ့ဆုံသွားမည် ဖြစ်သည်။

ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အခြားအာရှနိုင်ငံများတွင် ရှူကလီးယားဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် စဉ်းစားနေကြောင်း သိရသည်။ **အင်နီအိတ်ချ်ကော**

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

စပိန် ကနေရီကျွန်းသို့ ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်မှု ၃၂ နှစ်အတွင်း အမြင့်ဆုံးစံချိန်သို့ ရောက်ရှိ

စပိန်နိုင်ငံ ကနေရီကျွန်းသို့ အတွင်းလွှိုက်ရွှေ့ပြောင်းနေထိုင်မှု လမ်းကြောင်းမှတစ်ဆင့် နိုဝင်ဘာ ၁၄ ရက်က ရွှေ့ပြောင်းနေထိုင်သူ ၁၅၈၀ ထက်မနည်း ရောက်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါပမာဏမှာ ယင်းလမ်းကြောင်း၏ ၃၂ နှစ်တာ သမိုင်းတစ်လျှောက် တစ်ရက်တည်း စုစုပေါင်းဝင်ရောက်သူ အများဆုံး စံချိန်တင်ခဲ့ခြင်းဖြစ်ကြောင်း စပိန်သတင်းအေဂျင်စီ EFE က ထုတ်ပြန်ထားသည်။ အဆိုပါပမာဏမှာ ယခင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်က တစ်ရက်တည်း စံချိန်တင်ခဲ့သည့် လာရောက်သူ ၁၄၆၁ ဦးထက် ကျော်လွန်ခဲ့သည်။ **ဆင်ဟွာ**

သီရိလင်္ကာလူဦးရေ ၁၉ ရာခိုင်နှုန်းနီးပါး ဆီးချိုရောဂါခံစားရ

သီရိလင်္ကာနိုင်ငံ လူဦးရေ၏ ၁၉ ရာခိုင်နှုန်းနီးပါး ဆီးချိုရောဂါခံစားနေရပြီး အမှန်တကယ်ရောဂါခံစားနေရသည့်ဦးရေမှာ ယခုဖော်ပြသည့် ပမာဏထက် ပိုမိုများပြားနိုင်ကြောင်း ကျန်းမာရေး ဒုတိယဝန်ကြီး ဟန်ဆာကာ ဝီဂျိမုနိုက ပြောသည်။ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့မှာ မကူးစက်နိုင်သည့် ရောဂါများထဲတွင်ပါဝင်ပြီး အဆိုပါ ရောဂါများသည် နိုင်ငံ၏ ကျန်းမာရေးစနစ်အပေါ် ဖိအားများတိုးလာစေကြောင်း နိုဝင်ဘာ ၁၄ ရက်က ကိုလံဘိုမြို့၌ ပြုလုပ်သည့် ကမ္ဘာ့ဆီးချိုရောဂါနေ့အခမ်းအနားတွင် ကျန်းမာရေးဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

အဖဂန်နစ္စတန်နိုင်ငံ နူရစ်စတန်၌ လမ်းသစ်ဖွင့်လှစ်

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း တောင်တန်းထူထပ်သည့် နူရစ်စတန်ပြည်နယ်၌ အရေးပါသောလမ်းမကြီးကို ဖွင့်လှစ်ခဲ့ကြောင်း တရားဝင် အေဂျင်စီဖြစ်သည့် ဘတ်ခ်ထာသတင်းက နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ထားသည်။ ဘွဂ်မာတယ်ခရိုင်၌ အမေရိကန်ဒေါ်လာ ၄၄၇၀၀၀ ဝန်းကျင် ကုန်ကျပြီး ၂၄ ကီလိုမီတာ ရှည်လျားသည့် အဆိုပါလမ်းမကြီးသည် ခရိုင်အများအပြားကို ပြည်နယ်မြို့တော် ပါရွှန်နှင့် ဆက်သွယ်ပေးထားကြောင်း သိရသည်။ **ဆင်ဟွာ**

တတိယအကြိမ် ရွာမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (ဒုတိယနေ့) ဆက်လက်ကျင်းပ



တောင်ကြီး နိုဝင်ဘာ ၁၅

တတိယအကြိမ် ရွာမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(ဒုတိယနေ့)ကို နိုဝင်ဘာ ၁၃ ရက်က တောင်ကြီးမြို့ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ဗိုလ်မှူးကြီး ကျော်မျိုးမင်းလတ်က ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ တတိယသစ္စာပြုပြီး တတိယသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ရွာမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို လွှတ်တော်သို့တင်းလင်းတင်ပြပြီး တတိယအကြိမ် ရွာမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ အစီအစဉ် အောင်မြင်စွာကျင်းပပြီးမြောက်ကြောင်း ကြေညာပြီးမြောက်ကြောင်းနှင့် တတိယအကြိမ် ရွာမ်းပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) သည်။

စိုင်းအယ်ဘဲ

အမရပူရမြို့နယ်၌ အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

အမရပူရ နိုဝင်ဘာ ၁၅

အမရပူရမြို့နယ်၌ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၁၀ နာရီက ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံကျောင်းရှိ ရွှေလွန်းပျဲခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအတွင်းရှိပြည်သူများ တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်ပြည်သူကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိတို့က အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကာ မြို့နယ်မီးသတ်ဦးစီးမှူးက အယ်လ်နီညိုနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် အမရပူရမြို့နယ် ဦးပိန်တံတားပေါ်၌ အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

လဲ့လဲ့ခိုင်

ပေါက်မြို့အနီး အင်အားအနည်းငယ်ရှိ မြေလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၅

ယနေ့ ည ၉ နာရီ ၂ မိနစ် ၂ စက္ကန့်တွင် ညောင်ဦးမြေလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၃၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပေါက်မြို့၏ အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၃၃ ဒီဂရီ၊ အရှေ့လောင်ဂျိတွဒ် ၉၄ ဒသမ ၃၆ ဒီဂရီ၊ အနက် ၁၁၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃.၉(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/၈လ

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျနော်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်၊ မိုးထစ်ချုန်းရွာနိုင်သည်။

အဝေ့ဆုံးအပူချိန်အခြေအနေ

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၁ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် (ခြောက်သွေ့)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေအသီးသီးရှိနိုင်သည်။

မိုး/၈လ

မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ။ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ"အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် ဖျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရေတစ်စက်၏ တန်ဖိုးနှင့် လူသားတို့၏ အနာဂတ်

ကမ္ဘာကြီးသည် တစ်နေ့ထက်တစ်နေ့ ပိုမိုပူနွေးလာသည်။ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် မိုးခေါင်ရေရှားမှု၊ ရေကြီးရေလျှံမှု၊ မြစ်ချောင်းများ ရေခန်းခြောက်မှုနှင့် မြေယာများ ပျက်စီးဆုံးရှုံးမှုတို့ကို ကမ္ဘာနိုင်ငံအသီးသီးတွင် ပိုမိုကြုံတွေ့လာကြရသည်။ တစ်ဖက်တွင်လည်း လူဦးရေတိုးပွားလာခြင်း၊ မြို့ပြများချဲ့ထွင်လာခြင်းနှင့် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်းတို့ကြောင့် ရေလိုအပ်ချက်မှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသည်။

မောင်သာယာ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအနက် ရေရှားပါးမှုပြဿနာသည် လူသားတို့၏ ရှင်သန်ရပ်တည်ရေးကို တိုက်ရိုက်ခြိမ်းခြောက်လာသည့် အရေးကြီးသောစိန်ခေါ်မှုတစ်ခုဖြစ်သည်။ ရေသည် လူသားတို့၏ နေ့စဉ်ဘဝအတွက်သာမက စားရေရိက္ခာဖူလုံရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက်ပါ မရှိမဖြစ်လိုအပ်သော အရင်းအမြစ်ဖြစ်သည်။

ကုလသမဂ္ဂ၏ အချက်အလက်များအရ ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာသည် ယနေ့တိုင် ဘေးကင်းသည့် သောက်သုံးရေကို လုံလောက်စွာ မရရှိကြသေးပေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်တွင်လည်း ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့လူဦးရေ ၂ ဒသမ ၁ ဘီလီယံခန့်သည် စနစ်တကျ စီမံခန့်ခွဲထားသော ဘေးကင်းသည့် သောက်သုံးရေဝန်ဆောင်မှုကို မရရှိခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းအချက်က ရေသည် ကမ္ဘာပေါ်တွင် အလွယ်တကူရရှိနိုင်သည့် သဘာဝအရင်းအမြစ်တစ်ခုဟု ထင်မြင်ယူဆ၍မရတော့ကြောင်း သတိပေးနေသည်။ ရေသည် အသက်ဖြစ်သည်။ “ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်”ဟူသော မြန်မာဆိုရိုးစကားသည် ရေ၏တန်ဖိုးကို အထင်ရှားဆုံးဖော်ပြနေသည့် စကားတစ်ရပ်ဖြစ်သည်။ လူသားတို့သည် အစားအစာမရှိဘဲ အချိန်အတိုင်းအတာတစ်ခုအထိ အသက်ရှင်နိုင်သော်လည်း ရေမရှိလျှင် အသက်ရှင်ရပ်တည်ရေးမှာ အလွန်ခက်ခဲသည်။

ရေသည် လူသားတို့ သောက်သုံးရန်အတွက်သာ လိုအပ်ခြင်းမဟုတ်ပေ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ လူသားတို့၏ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုသည် ရေအရင်းအမြစ်များအပေါ် များစွာမှီခိုနေရသည်။

ကမ္ဘာပေါ်တွင် ရေထုများပြားစွာရှိသော်လည်း ယင်းရေအားလုံးကို လူသားတို့ တိုက်ရိုက်အသုံးပြုနိုင်ခြင်းမရှိပေ။ ကမ္ဘာ့ရေထုအများစုသည် ပင်လယ်သမုဒ္ဒရာများမှ ဆားငန်ရေများဖြစ်ပြီး ရေချိုအရင်းအမြစ်များမှာ အချိုးအစားအားဖြင့် နည်းပါးသည်။ ထိုရေချိုများအနက် အများစုမှာ ရေခဲမြစ်များနှင့် မြေအောက်ရေများအဖြစ် တည်ရှိနေကြသဖြင့် အလွယ်တကူ ထုတ်ယူအသုံးပြုနိုင်သည့် ရေပမာဏမှာ ပိုမိုနည်းပါးနေသည်။

ထို့ကြောင့် ရေရှိနေခြင်းနှင့် အသုံးပြုနိုင်သည့် ရေရှိခြင်းတို့သည် အဓိပ္ပာယ်မတူညီပေ။ ရေအရင်းအမြစ်များရှိနေသော်လည်း သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း၊ ဖြန့်ဖြူးပေးနိုင်သည့် အခြေခံအဆောက်အအုံမရှိခြင်းနှင့် စနစ်တကျ စီမံခန့်ခွဲမှုအားနည်းခြင်းတို့ကြောင့် လူအများအပြားသည် ရေအခက်အခဲများကို ရင်ဆိုင်နေကြရသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ရေရှားပါးလာသည့်ကမ္ဘာကြီး

ကမ္ဘာကြီးပူနွေးလာမှုသည် ရေအရင်းအမြစ်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေသည်။ အပူချိန်မြင့်တက်လာခြင်းကြောင့် မြစ်ချောင်း၊ အင်းအိုင်နှင့် ရေလှောင်ကန်များမှ ရေငွေ့ပြန်မှု ပိုမိုများပြားလာသည်။ တစ်ဖက်တွင် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် အချို့ဒေသများတွင် မိုးခေါင်ရေရှားမှုများ ကြုံတွေ့ရသကဲ့သို့ အချို့ဒေသများတွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လာသည်။

အထူးသဖြင့် တောင်တန်းဒေသများရှိ ရေခဲမြစ်များ အရည်ပျော်မှုသည်လည်း စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုဖြစ်လာသည်။ ဟိမဝန္တာတောင်တန်းအပါအဝင် ကမ္ဘာ့တောင်တန်းဒေသများသည် အာရုတိုက်ရှိ မြစ်ကြီးများအတွက် အရေးပါသော ရေအရင်းအမြစ်များကို ပြည့်ဆည်းပေးနေသည်။ ရေခဲမြစ်များအရည်ပျော်မှု မြန်ဆန်လာခြင်းက ရေစီးဆင်းမှုပုံစံများကို ပြောင်းလဲစေနိုင်သကဲ့သို့ ရေရှည်တွင် မြစ်ရေစီးဆင်းမှုလျော့နည်းလာနိုင်သည့်အန္တရာယ်ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

အီသီယိုးပီးယားနိုင်ငံအတွက် ယင်းရေကာတာသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော်လည်း အိုဂျစ်နိုင်ငံအတွက်မူ နိုင်းမြစ်ရေသည် သောက်သုံးရေနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အလွန်အရေးကြီးသော အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် ရေကာတာ၏ရေဖြည့်သွင်းမှု၊ ရေထုတ်လွှတ်မှုနှင့် ရေမျှဝေသုံးစွဲရေးဆိုင်ရာ သဘောတူညီမှုများရရှိရေးသည် နှစ်နိုင်ငံအတွက် အရေးပါသည့်ကိစ္စရပ်ဖြစ်လာခဲ့သည်။

ဤဖြစ်ရပ်က ရေသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းဖြစ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများအကြား ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် အကြောင်းရင်းတစ်ခုလည်းဖြစ်နိုင်ကြောင်း သင့်ကြောင်း ယနေ့ခေတ်လူသားများအတွက်လည်း သင်ခန်းစာပေးလျက်ရှိသည်။

ရေကို တန်ဖိုးထားသည့်နိုင်ငံများ

ကမ္ဘာ့နိုင်ငံအချို့သည် ရေရှားပါးမှုကို ရင်ဆိုင်ဖြေရှင်းရန် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ နည်းပညာအသုံးချမှုနှင့် ပြည်သူများ၏ ရေချွေတာသုံးစွဲမှုတို့ကို ပေါင်းစပ်ဆောင်ရွက်နေကြသည်။ အစ္စရေးနိုင်ငံသည် ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် နည်းပညာအသုံးချမှုတွင် စံနမူနာယူစရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မိုးရေချိန်နည်းပါးသည့် သဘာဝအခြေအနေကိုရင်ဆိုင်နိုင်ရန် ပင်လယ်ရေကိုသန့်စင်၍ သောက်သုံးရေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ စွန့်ပစ်ရေများကိုသန့်စင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းနှင့် ရေစက်ချစိုက်ပျိုးရေးနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ရေစက်ချစိုက်ပျိုးရေးစနစ်သည် အပင်၏အမြစ်ပိုင်းသို့ လိုအပ်သည့်ရေပမာဏကို တိုက်ရိုက်ပေးပို့နိုင်သဖြင့် ရေဆုံးရှုံးမှုကို လျော့ချနိုင်သည့် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်။ ထို့ပြင် ရေကိုချွေတာသုံးစွဲရေး အသိပညာပေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ကြသည်။ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ရေ၏တန်ဖိုး၊ ရေသုံးစွဲမှုစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို သင်ကြားပေးခြင်းက ရေချွေတာရေးအလေ့အကျင့်ကောင်းများ ရရှိစေရန် အထောက်အကူပြုသည်။

ယင်းအတွေ့အကြုံများက ရေရှားပါးမှုကို ဖြေရှင်းရာတွင် နည်းပညာတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ ပညာရေး၊ စည်းမျဉ်းစည်းကမ်း၊ ပြည်သူပူးပေါင်းပါဝင်မှုနှင့် ရေရှည်စီမံကိန်းများလည်း လိုအပ်ကြောင်း ပြသနေသည်။

ရေတစ်စက်ကိုချွေတာခြင်းသည် အနာဂတ်ကို ကာကွယ်ခြင်း

ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်းသည် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏တာဝန်သာမက ပြည်သူတစ်ဦးချင်းစီ၏တာဝန်လည်း ဖြစ်သည်။ နေ့စဉ်ဘဝတွင် ရေအသုံးပြုမှုအလေ့အကျင့်ကောင်းများ မွေးမြူခြင်းဖြင့် ရေကို များစွာချွေတာနိုင်သည်။ ကားများဆေးကြောရာတွင် ရေပိုက်ဖြင့် အဆက်မပြတ်ဆေးကြောခြင်းထက် ရေပုံးနှင့် အဝတ်ကို အသုံးပြုခြင်း၊ သစ်ပင်ပန်းပင်များ ရေလောင်းရာတွင် ရေလောင်းပုံးကိုအသုံးပြုခြင်း၊ သွားတိုက်နေစဉ်နှင့် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းပိတ်ထားခြင်းတို့သည် လက်တွေ့ကျင့်သုံးနိုင်သည့် ရေချွေတာရေးနည်းလမ်းများဖြစ်သည်။

ထို့ပြင် ရေပိုက်များနှင့် ရေဘုံပိုင်ခေါင်းများတွင် ရေယိုစိမ့်မှုရှိ မရှိ ပုံမှန်စစ်ဆေးခြင်း၊ မိုးရေကို စုဆောင်းသိုလှောင်ခြင်း၊ ရေသန့်ရှင်းမှုအခြေအနေနှင့် သင့်လျော်ပါက အသုံးပြုပြီးရေများကို ပြန်လည်အသုံးပြုခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ရေကို အလေအလွင့်နည်းပါးစေမည့် နည်းစနစ်များ အသုံးပြုရန်လိုအပ်သည်။ သီးနှံအမျိုးအစားနှင့် ဒေသ၏ ရာသီဥတုအခြေအနေတို့အပေါ်မူတည်၍ သင့်လျော်သည့် စိုက်ပျိုးရေးနည်းလမ်းများ ရွေးချယ်ခြင်း၊ ရေသွင်းစနစ်များကို ပြုပြင်တိုးတက်စေခြင်းနှင့် မိုးရေကို စနစ်တကျ စုဆောင်းအသုံးပြုခြင်းတို့သည် ရေရှားပါးမှုကို လျော့ချနိုင်မည့်နည်းလမ်းများ ဖြစ်သည်။

စာမျက်နှာ ၁၇ သို့

“ယနေ့ ၂၁ ရာစုတွင် ရေသည် သဘာဝသယံဇာတတစ်ခုအဖြစ်သာမက ပထဝီနိုင်ငံရေးအရ အရေးပါသော အရင်းအမြစ်တစ်ခုအဖြစ်လည်း ပိုမိုအာရုံစိုက်ခံလာရသည်။ တစ်ချိန်က ရေနံနှင့် သဘာဝဓာတ်ငွေ့တို့သည် နိုင်ငံတကာနိုင်ငံရေးနှင့် စီးပွားရေးပြိုင်ဆိုင်မှုများ၏ အဓိကအကြောင်းအရာများဖြစ်ခဲ့ကြသည်။ ယခုအခါ ရေချိုအရင်းအမြစ်များသည်လည်း နိုင်ငံတော်လုံခြုံရေး၊ စားရေရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်လာ”

ထိုသို့ ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ မတည်ငြိမ်လာခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုတည်းမဟုတ်တော့ပေ။ စားရေရိက္ခာထုတ်လုပ်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုတည်ငြိမ်ရေးတို့ကိုပါ သက်ရောက်စေသည့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတစ်ခု ဖြစ်လာနေသည်။

မြန်မာနိုင်ငံတွင်လည်း ရာသီအလိုက် ရေရှားပါးမှုများကို တွေ့ကြုံရလေ့ရှိသည်။ အထူးသဖြင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မိုးရေခို်နိုင်းပါးသောဒေသအချို့တွင် နွေရာသီကာလ၌ ရေတွင်း၊ ရေကန်များ ခန်းခြောက်ခြင်းနှင့် သောက်သုံးရေအခက်အခဲများ ကြုံတွေ့ရတတ်သည်။ ထိုအခြေအနေများသည် ရေရှားပါးဒေသများတွင် နေထိုင်သူများအတွက် ရေကိုမည်မျှ တန်ဖိုးထားရမည်ကို သတိပေးနေသည့်ဖြစ်ရပ်များ ပင်ဖြစ်သည်။

ရေအရင်းအမြစ်နှင့် ပထဝီနိုင်ငံရေး

ယနေ့ ၂၁ ရာစုတွင် ရေသည်သဘာဝသယံဇာတတစ်ခုအဖြစ်သာမက ပထဝီနိုင်ငံရေးအရ အရေးပါသော အရင်းအမြစ်တစ်ခုအဖြစ်လည်း ပိုမိုအာရုံစိုက်ခံလာရသည်။ တစ်ချိန်က ရေနံနှင့် သဘာဝဓာတ်ငွေ့တို့သည် နိုင်ငံတကာနိုင်ငံရေးနှင့် စီးပွားရေးပြိုင်ဆိုင်မှုများ၏ အဓိကအကြောင်းအရာများဖြစ်ခဲ့ကြသည်။ ယခုအခါ ရေချိုအရင်းအမြစ်များသည်လည်း နိုင်ငံတော်လုံခြုံရေး၊ စားရေရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်လာသည်။

ဥပမာအားဖြင့် အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့အကြား နိုင်းမြစ်ရေအသုံးပြုမှုနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။ အီသီယိုးပီးယားနိုင်ငံက Blue Nile မြစ်ပေါ်တွင် Grand Ethiopian Renaissance Dam (GERD) ရေကာတာကြီးကို တည်ဆောက်ခဲ့ခြင်းကြောင့် အောက်ပိုင်းမြစ်ဝှမ်းဒေသရှိ အီဂျစ်နှင့် ဆူဒန်နိုင်ငံတို့၏ ရေအသုံးပြုမှုအပေါ် သက်ရောက်နိုင်ခြေများနှင့် ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်။

ဖော်ပြနေသည်။ သို့ရာတွင် ရေအရင်းအမြစ်များကို မျှဝေသုံးစွဲခြင်းသည် ပဋိပက္ခဖြစ်ပွားရန်သာ အကြောင်းရင်းမဟုတ်ပေ။ နိုင်ငံအချင်းချင်း ယုံကြည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန် နားလည်မှုရှိခြင်းနှင့် ပူးပေါင်းစီမံခန့်ခွဲခြင်းတို့မှ တစ်ဆင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လည်း ဖေဆောင်နိုင်သည်။

ရောဟိန်မြစ်က ပေးသော ငြိမ်းချမ်းရေးသင်ခန်းစာ

ရေအရင်းအမြစ်ကြောင့် ပဋိပက္ခများဖြစ်ပွားနိုင်သည့်အကြောင်းကို မြတ်စွာဘုရားရှင်၏ ရောဟိန်မြစ်အရေးအခင်း ဇာတ်တော်တွင်လည်း တွေ့မြင်နိုင်သည်။ ဗုဒ္ဓဝင်အဆိုအရ မြတ်စွာဘုရားရှင်သည် မဟာဝုန်တောကြီး၌သီတင်းသုံးနေတော်မူစဉ် ကပိလဝတ်ပြည်သားများနှင့် ကောလိယပြည်သားများအကြား ရောဟိနီမြစ်ရေကို အသုံးပြုရေးနှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားခဲ့သည်။

ရောဟိနီမြစ်သည် ကပိလဝတ်ပြည်နှင့် ကောလိယပြည်ကြားမှ ဖြတ်သန်းစီးဆင်းသည့် မြစ်တစ်စင်းဖြစ်သည်။ မိုးခေါင်သည့်နှစ်တွင် မြစ်ရေနည်းပါးလာသဖြင့် နှစ်ဖက်သော ပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေအလုံအလောက် မရရှိကြတော့ပေ။ ထို့ကြောင့် မြစ်ရေကိုမိမိတို့ဘက်က ပိုမိုရရှိရေးအတွက် အငြင်းပွားကြရာမှ နှစ်ပြည် ထောင်အကြား စစ်မက်ဖြစ်ပွားတော့မည့်အခြေအနေသို့ ရောက်ရှိခဲ့ကြသည်။

ထိုအခြေအနေကို သိမြင်တော်မူသော မြတ်စွာဘုရားရှင်က ရောဟိနီမြစ်ကမ်းသို့ကြွရောက်တော်မူပြီး နှစ်ဖက်သောပြည်သူများအား ဆုံးဖောက်မှုခဲ့သည်။ မြစ်ရေ၏တန်ဖိုးကို ထူးအသက်နှင့် ငြိမ်းချမ်းရေး၏တန်ဖိုးက ပိုမိုကြီးမားကြောင်း၊ အငြင်းပွားခြင်းထက် အပြန်အလှန်နားလည်မှုဖြင့် ဖြေရှင်းခြင်းက ပိုမိုအကျိုးရှိကြောင်း သဘောပေါက်စေခဲ့သည်။

ဤဇာတ်တော်သည် ရေအရင်းအမြစ်ကို မျှဝေသုံးစွဲရာတွင် အတ္တနှင့် အာဏာပြိုင်ဆိုင်မှုထက် ညီညွတ်မှု၊ နားလည်မှုနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးသင့်ကြောင်း ခိုင်မာစွာ သွန်သင်ပြသထားသည်။

ရေသည် ကမ္ဘာ့နိုင်ငံအသီးသီးအတွက် ရေရှားပါးမှုကို ရင်ဆိုင်ဖြေရှင်းရန် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ နည်းပညာအသုံးချမှုနှင့် ပြည်သူများ၏ ရေချွေတာသုံးစွဲမှုတို့ကို ပေါင်းစပ်ဆောင်ရွက်နေကြသည်။ အစ္စရေးနိုင်ငံသည် ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် နည်းပညာအသုံးချမှုတွင် စံနမူနာယူစရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မိုးရေချိန်နည်းပါးသည့်သဘာဝအခြေအနေကိုရင်ဆိုင်နိုင်ရန် ပင်လယ်ရေကိုသန့်စင်၍ သောက်သုံးရေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ စွန့်ပစ်ရေများကိုသန့်စင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းနှင့် ရေစက်ချစိုက်ပျိုးရေးနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ရေစက်ချစိုက်ပျိုးရေးစနစ်သည် အပင်၏အမြစ်ပိုင်းသို့ လိုအပ်သည့်ရေပမာဏကို တိုက်ရိုက်ပေးပို့နိုင်သဖြင့် ရေဆုံးရှုံးမှုကို လျော့ချနိုင်သည့် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်။ ထို့ပြင် ရေကိုချွေတာသုံးစွဲရေး အသိပညာပေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ကြသည်။ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ရေ၏တန်ဖိုး၊ ရေသုံးစွဲမှုစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို သင်ကြားပေးခြင်းက ရေချွေတာရေးအလေ့အကျင့်ကောင်းများ ရရှိစေရန် အထောက်အကူပြုသည်။

ယင်းအတွေ့အကြုံများက ရေရှားပါးမှုကို ဖြေရှင်းရာတွင် နည်းပညာတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ ပညာရေး၊ စည်းမျဉ်းစည်းကမ်း၊ ပြည်သူပူးပေါင်းပါဝင်မှုနှင့် ရေရှည်စီမံကိန်းများလည်း လိုအပ်ကြောင်း ပြသနေသည်။

ရေတစ်စက်ကိုချွေတာခြင်းသည် အနာဂတ်ကို ကာကွယ်ခြင်း

ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်းသည် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏တာဝန်သာမက ပြည်သူတစ်ဦးချင်းစီ၏တာဝန်လည်း ဖြစ်သည်။ နေ့စဉ်ဘဝတွင် ရေအသုံးပြုမှုအလေ့အကျင့်ကောင်းများ မွေးမြူခြင်းဖြင့် ရေကို များစွာချွေတာနိုင်သည်။ ကားများဆေးကြောရာတွင် ရေပိုက်ဖြင့် အဆက်မပြတ်ဆေးကြောခြင်းထက် ရေပုံးနှင့် အဝတ်ကို အသုံးပြုခြင်း၊ သစ်ပင်ပန်းပင်များ ရေလောင်းရာတွင် ရေလောင်းပုံးကိုအသုံးပြုခြင်း၊ သွားတိုက်နေစဉ်နှင့် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းပိတ်ထားခြင်းတို့သည် လက်တွေ့ကျင့်သုံးနိုင်သည့် ရေချွေတာရေးနည်းလမ်းများဖြစ်သည်။

ထို့ပြင် ရေပိုက်များနှင့် ရေဘုံပိုင်ခေါင်းများတွင် ရေယိုစိမ့်မှုရှိ မရှိ ပုံမှန်စစ်ဆေးခြင်း၊ မိုးရေကို စုဆောင်းသိုလှောင်ခြင်း၊ ရေသန့်ရှင်းမှုအခြေအနေနှင့် သင့်လျော်ပါက အသုံးပြုပြီးရေများကို ပြန်လည်အသုံးပြုခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ရေကို အလေအလွင့်နည်းပါးစေမည့် နည်းစနစ်များ အသုံးပြုရန်လိုအပ်သည်။ သီးနှံအမျိုးအစားနှင့် ဒေသ၏ ရာသီဥတုအခြေအနေတို့အပေါ်မူတည်၍ သင့်လျော်သည့် စိုက်ပျိုးရေးနည်းလမ်းများ ရွေးချယ်ခြင်း၊ ရေသွင်းစနစ်များကို ပြုပြင်တိုးတက်စေခြင်းနှင့် မိုးရေကို စနစ်တကျ စုဆောင်းအသုံးပြုခြင်းတို့သည် ရေရှားပါးမှုကို လျော့ချနိုင်မည့်နည်းလမ်းများ ဖြစ်သည်။

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (တတိယနေ့) ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (တတိယနေ့) ကို နိုဝင်ဘာ ၁၃ ရက်က လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး" အဖြစ် ဒေါ်မြတ်သီတာအောင် အား ခန့်အပ်ကြောင်း လွှတ်တော်သို့ ကြေညာကာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးက ကတိသစ္စာဆို၍ ကတိသစ္စာပြုချက်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (တတိယနေ့) ပြီးဆုံးကြောင်းနှင့် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

ရွှေရန်ကင်း



မိတ္ထီလာမြို့နယ် ရွှေပဒိုင်ကျေးရွာအုပ်စုတွင် ရွှေပန်းတိုင်မွေးမြူရေးဇုန် စတင်အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အား စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးအထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ် ရွှေပဒိုင်ကျေးရွာအုပ်စုတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေပန်းတိုင် မွေးမြူရေးဇုန်၏ နို့စားနွားဥစားကြက် မွေးမြူရေးခြံများ တည်ဆောက်ရန် မြေနေရာချထားမှု၊ ရေပေးဝေရေးလုပ်ငန်း၊ ဇုန်ပြင်ပနှင့်ဇုန်အတွင်း လျှပ်စစ်မီးရရှိရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်နေမှုများကို ယမန်နေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် မိတ္ထီလာခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးတောင်သူများအား တွေ့ဆုံ၍ တိရစ္ဆာန်အစာနှံ၊ အစာကြမ်းရရှိနိုင်မှုနှင့်ဖူလုံရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားကြရန်လိုအပ်ချက်များ၊ ရေလုံလောက်မှုရှိစေရေးနှင့် အပူဒဏ်ကျရောက်နိုင်သည့် တိရစ္ဆာန်အမျိုးအစားနှင့် ကောင်ရေများတွက်ချက်ပြီး အပူလွန်ကဲခြင်းကြောင့် တိရစ္ဆာန်များ အပူလျှပ်ခြင်း ဖြစ်ပေါ်နိုင်မှုကို ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်း လုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများ၊ မွေးမြူတောင်သူများ ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံစီးပွားဖြင့်တင်ရေးရန်ပုံငွေ ရရှိအသုံးပြုနိုင်ရေးကို တာဝန်ရှိသူများက ပိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားပြီးမွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာ ဌာန တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် တောမရွာရှိ မွေးမြူရေးတောင်သူ ဦးခင်မောင်ဝင်း၏ နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွား ၁၂၆ ကောင် မွေးမြူထားရှိမှု၊ နေဗီယာနှင့် မွန်ဘာဆား မြက်မျိုးများ အစာစိုရရှိရေး ၈က ၇၀ စိုက်ပျိုးထားရှိမှု တို့ကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ကူမဲငါးလုပ်ငန်းစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေး တောင်သူများအား တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် စွန်ရဲအင်း မွေးမြူရေးဇုန်၌ STS Forward Co.,Ltd. ၏ နို့စားနွားကောင်ရေ ၂၆၀ ထည့်သွင်းမွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက် ပစ္စည်းထုတ်လုပ်မှု၊ တိရစ္ဆာန်အစာအဖြစ် နံစားပြောင်း ၈က ၁၀၀၊ နေဗီယာ ၁၀ ၈က၊ ပဲစင်းငုံ ၃၂ ၈က စိုက်ပျိုးထားရှိမှု၊ အရိပ်ရရေးကာပင်များ စိုက်ပျိုးထားရှိမှု နှင့် KT တိရစ္ဆာန်အစာစပ်စက်ရုံကုန်ကြမ်းရရှိမှု၊ စက်ရုံလည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း အသိပေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း



ဆောင်ရွက်ရန်အတွက် အသိပေးဆွေးနွေးခြင်းကို နိုဝင်ဘာ ၉ ရက်က နေပြည်တော်ကောင်စီရုံး ဧမ္မာသီရိခန်းမ၌ကျင်းပရာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ နာယက ဒေါ်လွင်မိသင်းနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း တာဝန်ယူဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက မြန်မာနိုင်ငံတွင် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းကို Phase (I)၊ Phase (II)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော်တွင် Phase (II)အနေဖြင့် (၂၀၂၆)ခုနှစ် နိုဝင်ဘာဒုတိယ အပတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ၊ ခရိုင်၊ မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဦးစီးဌာနများ၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် ယခုဆောင်ရွက်မည့် နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်-ဂျိုက်သိုးရောဂါကင်းဝေးရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြစေကြောင်း ပြောကြားသည်။

ထို့နောက် "ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးကြစို့" အထိမ်းအမှတ်တေးသီချင်း ဗီဒီယိုကလစ်ကိုပြသသည်။

ယင်းနောက် တာဝန်ရှိသူများက ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းပြခန်းငယ်နှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ကလေးငယ်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒဂုံဇာ)

စာမျက်နှာ ၁၆ မှ

ရေချွေတာခြင်းသည် ရေကိုသာ ချွေတာခြင်း မဟုတ်ပေ။ ရေကိုစုပ်ယူခြင်း၊ သန့်စင်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အတွက် အသုံးပြုရသည့် လျှပ်စစ်စွမ်းအင်နှင့် ငွေကြေးကုန်ကျမှုတို့ကိုလည်း လျှော့ချနိုင်သည်။ ထို့ကြောင့် ရေကို အကျိုးရှိရှိအသုံးပြုခြင်းသည် မိသားစုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ အကျိုးရှိစေသည်။

သို့သော် ရေချွေတာရေးကို ပြည်သူတစ်ဦးချင်း၏ အပြုအမူပြောင်းလဲမှုဖြင့်သာ ဖြေရှင်း၍ မရနိုင်ပေ။ နိုင်ငံတော်အဆင့်တွင် ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲခြင်း၊ မြစ်ချောင်းများ ညစ်ညမ်းမှုကိုကာကွယ်ခြင်း၊ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှုကို ထိန်းချုပ်ခြင်း၊ ရေလောင်းကန်နှင့် ရေပေးဝေရေးစနစ်များ တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကိုလည်း အလေးထားရန် လိုအပ်သည်။

အထူးသဖြင့် ရေချိုအရင်းအမြစ်များကို လက်ရှိမျိုးဆက်အတွက်သာမက နောင်လာမည့် မျိုးဆက်များအတွက်ပါ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။

လူသားတို့၏အနာဂတ်နှင့် ရေတစ်စက်၏တန်ဖိုး

ရေသည် သဘာဝတရားက လူသားတို့အား ပေးအပ်ထားသည့် အဖိုးတန်လက်ဆောင်တစ်ခု ဖြစ်သည်။ သို့သော် သဘာဝအရင်းအမြစ်ဖြစ်သည့် အတွက် အကန့်အသတ်မရှိ ရရှိနိုင်မည်ဟု ယူဆ၍ မရပေ။ ရေကို အလဟဿဖြုန်းတီးခြင်း၊ မြစ်ချောင်းများ ညစ်ညမ်းစေခြင်းနှင့် ရေအရင်းအမြစ်များကို စနစ်မကျစွာအသုံးပြုခြင်းတို့သည် နောင်လာမည့် မျိုးဆက်များအတွက် ရေအခက်အခဲများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

ယနေ့ ကျွန်ုပ်တို့၏ ရေသုံးစွဲမှုအလေ့အကျင့်သည် မနက်ဖြန် မျိုးဆက်သစ်များ၏ဘဝအပေါ် သက်ရောက်မှုရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ရေကို တန်ဖိုးထားခြင်းသည် မိမိတို့၏ အသက်ရှင်ရပ်တည်ရေးကို ကာကွယ်ခြင်းသာမက သားစဉ်မြေးဆက်တို့၏ အနာဂတ်ကိုပါ ကာကွယ်ခြင်းဖြစ်သည်။

"ရေသည် သဘာဝတရားက လူသားတို့အား ပေးအပ်ထားသည့် အဖိုးတန်လက်ဆောင်တစ်ခု ဖြစ်သည်။ သို့သော် သဘာဝအရင်းအမြစ်ဖြစ်သည့်အတွက် အကန့်အသတ်မရှိ ရရှိနိုင်မည်ဟု ယူဆ၍ မရပေ။ ရေကို အလဟဿဖြုန်းတီးခြင်း၊ မြစ်ချောင်းများ ညစ်ညမ်းစေခြင်းနှင့် ရေအရင်းအမြစ်များကို စနစ်မကျစွာအသုံးပြုခြင်းတို့သည် နောင်လာမည့် မျိုးဆက်များအတွက် ရေအခက်အခဲများကို ပိုမိုဖြစ်ပေါ်စေနိုင်"

ရေတစ်စက်သည် သေးငယ်သည့်ပမာဏ တစ်ခုသာဖြစ်သော်လည်း ထိုရေတစ်စက်တွင် လူသားတို့၏ အသက်၊ ကျန်းမာရေး၊ စားရေရိက္ခာနှင့် အနာဂတ်တို့ တည်ရှိနေသည်။ ရေတစ်စက်ကို တန်ဖိုးထားခြင်းသည် လူသားတို့၏ရှင်သန်မှုကို တန်ဖိုးထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရေကို ရရှိနေစဉ်ကာလတွင် တန်ဖိုးထားသုံးစွဲကြရန်၊ ရှားပါးလာမှသာ တန်ဖိုးသိတတ်သည့် အလေ့အကျင့်မျိုးကို ရှောင်ကြဉ်ကြရန်နှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းလိုပါသည်။

ရေတစ်စက်ကို ချွေတာခြင်းသည် လူသားတို့၏ အနာဂတ်အတွက် မျှော်လင့်ချက်တစ်စက်ကို ထိန်းသိမ်းခြင်းပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

ပြည်ပသို့အလည်သွားတဲ့အခါ-(၁၆)

မေ

ယနေ့ခေတ်မှာ နိုင်ငံတကာဆက်ဆံရေး၊ ခရီးသွားလာမှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုကျယ်ပြန့်လာတာနဲ့အမျှ မတူညီတဲ့ယဉ်ကျေးမှုတွေကို နားလည်လေးစားတတ်ခြင်းဟာ အရေးကြီးလာပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံမှာ အလေ့အထ၊ အပြောအဆိုနဲ့ ပြုမူနေထိုင်ပုံတွေ ကွာခြားနိုင်တာကြောင့် ကြိုတင်လေ့လာထားသင့်ပါတယ်။



နိုင်ငံတကာတွေ့ဆုံမှုတွေမှာ အချိန်တိကျတာ၊ သင့်တော်စွာဝတ်စားဆင်ယင်တာ၊ ရိုရိုသေသေ နွတ်ဆက်တာတွေက အခြေခံအက်တီကက်တွေ ဖြစ်ပါတယ်။ ထို့အပြင် မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို ကိုယ်စားပြုနေကြောင်း သတိထားပြီး စကားပြောပုံ၊ ပြုမူပုံတွေမှာ ယဉ်ကျေးသိမ်မွေ့မှုရှိဖို့ အလွန်အရေးကြီးပါတယ်။

မတူညီတဲ့ ယဉ်ကျေးမှုရှိသူတွေနဲ့ တွေ့ဆုံတဲ့အခါ ကိုယ့်အလေ့အထကိုသာ မှန်ကန်တယ်လို့ မယူဆဘဲ အခြားသူတွေရဲ့ အမြင်နဲ့ ဓလေ့ထုံးတမ်းများကို နားလည်ဖို့ ကြိုးစားသင့်ပါတယ်။ မေးမြန်းလိုတဲ့ အရာတွေကိုလည်း လေးလေးစားစား မေးမြန်းခြင်းကနေ ပိုမိုကောင်းမွန်တဲ့ဆက်ဆံရေးကို တည်ဆောက်ပေးပါတယ်။

နိုင်ငံတကာအဆင့်မှာ အောင်မြင်တဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက်ဖို့အတွက် ဘာသာစကား တတ်ကျွမ်းမှုနဲ့ ပညာအရည်အချင်းသာမက ယဉ်ကျေးမှု နားလည်မှုလည်း လိုအပ်ပါတယ်။ အက်တီကက် ကောင်းမွန်ခြင်းက မိမိကိုယ်တိုင်၏ ပုံရိပ်ကို မြှင့်တင်ပေးသလို မိမိကိုယ်စားပြုရာ နိုင်ငံ၏ ပုံရိပ်ကိုပါ တောက်ပစေပါတယ်။

မော်ဘီမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

မော်ဘီ နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိုးကြီးကျေးရွာနှင့် လက်ပံတန်းစုကျေးရွာတို့၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စောနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ရိုးကြီးကျေးရွာရှိ အိမ်ခြေ ၂၄၁ အိမ်၊ လူ ၁၀၁၇ဦးနှင့် လက်ပံတန်းစုကျေးရွာရှိ အိမ်ခြေ ၈၆၅အိမ်၊ လူ ၃၁၅၉ဦးတို့ အတွက်သန့်ရှင်းသောသောက်သုံးရေရရှိပြီး နွေကာလများတွင် ရေရှားပါးသည့် အခက်အခဲများကို



အဆင်ပြေမည် ဖြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရှိသည်။

မော်ဘီမြို့နယ် ကျေးလက်ဒေသ

အထွေး

အောင်လံမြို့နယ် ငွေးကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

အောင်လံ နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း



(VDP) ထောက်ပံ့ငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ငွေးကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများသည် ငွေးကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လုပ်ငန်းလွဲပြောင်းအပ်နှံခြင်းများကို စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျုံပျော်မြို့နယ်၌ သောက်သုံးရေ ဖူလုံစွာရရှိရေး ဆောင်ရွက်နေမှုစစ်ဆေး

ကျုံပျော် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဝဲကြီးရွာမကျေးရွာ၌ အယ်လ်နီညိုရာသီဥတုကာလအတွင်း သောက်သုံးရေဖူလုံစွာ ရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ ရက်က ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာအိမ်ခြေ ၂၉၆ အိမ်၊ လူဦးရေ ၁၀၈၅ ဦးတို့အတွက် နွေရာသီကာလ သောက်သုံးရေ အခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

စန္ဒာလွင်(ကျေးလက်)



သဏ္ဌုံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အသိပညာပေးဟောပြော

သဏ္ဌုံ နိုဝင်ဘာ ၁၅

မွန်ပြည်နယ် သဏ္ဌုံမြို့ လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၁၅ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်တို့က အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာသည့်အကြောင်းရင်းနှင့် အန္တရာယ်များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ၊ ထိန်းသိမ်း ကာကွယ်ရမည့်အချက်များ၊ ပူပြင်းခြောက်သွေ့သည့်ကာလ မီးလောင်မှုမဖြစ်ပွားရေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



လယ်ဝေးမြို့နယ်၌ မိခင်နှင့်ကလေး/သက်ကြီးဘိုးဘွားများအား အလှူငွေလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၅

နေပြည်တော်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သက်ကြီးဘိုးဘွားများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့သည်။

နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးပပနှင့် အသင်းဝင်များ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌနှင့်အသင်းဝင်များသည် လယ်ဝေးမြို့ ခုတင်(၁၀၀)ဆေးရုံတွင် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အသက် ၃၀ မှ ၄၉ နှစ်အတွင်း အိမ်ထောင်ရှင် အမျိုးသမီး ၅၉၃ ဦးအား သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေးပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

မြို့နယ်(ပြန်/ဆက်)



သဏ္ဌုံမြို့နယ်၌ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသပေး

သဏ္ဌုံ နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ဆင်ဖြူကျွန်းကျေးရွာတွင် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တာဝန်ရှိသူများပူးပေါင်း၍ ပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတဖွံ့ဖြိုးစေရေး အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ သာသနပိဋကဓရီကျောင်းတိုက်၌ ကျင်းပရာ ခရိုင်တိုင်းရင်းဆေးရုံအုပ်ကြီး ဦးခေါ်မိုးထွေးနှင့် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးတို့က ဆွေးနွေးဟောပြောသည်။

ထို့နောက် ဆင်ဖြူကျွန်းကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

သရက်မြို့နယ်၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်

သရက် နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးငွေဖြင့် အင်းမငယ် ကျေးရွာအုပ်စု စခန်းကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အယ်ဒမ်းအင်ဂျင်နီယာ-၂ ဦးရဲထွန်ကျော်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ စခန်းကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လူ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Verb (ကြိယာ)များနဲ့ပတ်သက်ပြီး Kinds of Verbs (ကြိယာအမျိုးအစားများ) အကြောင်းကို ရှင်းလင်းဖော်ပြတဲ့နေရာမှာ အသုံးများတဲ့ Common Transitive Verbs တွေအပြင် Common Intransitive Verbs အသုံးများသည့် v.i (Verb Intransitive) များကိုလည်းဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း အရင်အပတ်ကဖော်ပြခဲ့တဲ့ Shortest way to talk about airport English-5 (လေဆိပ်မှာ ဘယ်လိုပြောမလဲ) ရဲ့အဆက်ဖြစ်တဲ့ "Order a meal" ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

GRAMMAR

Basic to Intermediate

အသုံးများသည့် v.t (Verb Transitive) များ

141. risk = စွန့်စားသည်။ အရဲစွန့်သည်။
142. roast = ကင်သည်။
143. rob = လုယက်သည်။
144. save = စုဆောင်းသည်။
145. sell = ရောင်းသည်။
146. send = ပို့သည်။
147. sew = အပ်ချုပ်သည်။
148. shake = ခါသည်။ လှုပ်သည်။
149. shed = ရွက်ဟောင်းခွေသည်။ ကြွေကျစေသည်။
150. share = ခွဲဝေသည်။ ဝေမျှသည်။
151. show = ပြသည်။
152. shut = ပိတ်သည်။
153. sip = မြည်းစမ်းသည်။
154. smell = နမ်းသည်။ အနံ့ခံသည်။
155. spend = ငွေသုံးစွဲသည်။
156. spin = ချည်ငင်သည်။
157. spit = တံတွေးထွေးသည်။
158. split = ခွဲသည်။ ခြမ်းသည်။
159. spoil = ဖျက်ဆီးသည်။
160. spread = ဖြန့်သည်။ ပျံ့နှံ့သည်။
161. steal = ခိုးယူသည်။
162. strike = ရိုက်သည်။ တီးသည်။
163. study = လေ့လာသည်။
164. suspect = မယုံသင်္ကာဖြစ်သည်။
165. sweep = တံမြက်စည်းလှည်းသည်။
166. take = ယူသည်။
167. tell = ပြောပြသည်။
168. teach = သင်ပြသည်။
169. thank = ကျေးဇူးတင်သည်။
170. throw = ပစ်သည်။
171. thrust = ဖိတွန်းသည်။ တိုးဝင်သည်။
172. turn = လှည့်သည်။
173. use = အသုံးပြုသည်။
174. warm = နွေးအောင်ပြုလုပ်သည်။
175. wash = ဆေးကြောသည်။
176. weave = ရက်လုပ်သည်။
177. wear = ဝတ်ဆင်သည်။
178. win = အနိုင်ရသည်။
179. wind = ရစ်ပတ်သည်။
180. write = စာရေးသည်။

Common Intransitive Verbs

အသုံးများသည့် v.i (Verb Intransitive) များ

1. act = ပြုမူသည်။ ပြုလုပ်သည်။
2. aim = ရည်မှန်းသည်။
3. appear = ပေါ်လာသည်။
4. apply = လျှောက်ထားသည်။ အသုံးချသည်။
5. arise = ဖြစ်လာသည်။ ပေါ်လာသည်။
6. arrive = ဆိုက်ရောက်သည်။
7. bark = ဟောင်သည်။
8. behave = ကျင့်ကြံပြုမူနေထိုင်သည်။
9. belong = ပိုင်ဆိုင်သည်။
10. bleed = သွေးထွက်သည်။
11. bloom = ပွင့်လန်းသည်။
12. boast = ဝါကြွားသည်။
13. breed = မွေးမြူသည်။ ပေါက်ပွားသည်။
14. breathe = အသက်ရှူသည်။
15. burst = ပေါက်ကွဲသည်။
16. care = ဂရုစိုက်သည်။
17. cease = ရပ်စဲသည်။
18. cling = တွယ်ကပ်သည်။
19. conclude = ပြီးဆုံးသည်။ နိဂုံးချုပ်သည်။
20. cry = အော်သည်။ ငိုသည်။
21. deal = ဆက်ဆံသည်။ ရောင်းဝယ်သည်။
22. descend = အောက်သို့ဆင်းသည်။
23. determine = ဆုံးဖြတ်သည်။
24. die = သေသည်။
25. dine = ညစာစားသည်။
26. differ = ကွဲလွဲသည်။
27. fall = လိမ့်ကျသည်။ လဲသည်။
28. flow = စီးဆင်းသည်။
29. forsake = စွန့်ပစ်ထားသည်။ ကျောခိုင်းသည်။
30. freeze = ခဲသည်။
31. gaze = စိုက်ကြည့်သည်။
32. hide = ပုန်းအောင်းသည်။ ဝှက်သည်။
33. increase = တိုးပွားသည်။
34. intend = ကြံရွယ်သည်။
35. jump = ခုန်သည်။
36. kneel = ဒူးထောက်သည်။
37. leap = ခုန်လွှားသည်။
38. lie = လိမ်ပြောသည်။ လဲလျောင်းသည်။

VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **by heart = (အလွတ်ကျက်)**
   Learn the poem **by heart.**
   ကဗျာကိုအလွတ်ကျက်သင်ယူတယ်။
2. **by leaps and bounds = (လျင်မြန်စွာ)**
   His English improved **by leaps and bounds.**
   သူ့ရဲ့အင်္ဂလိပ်က လျင်မြန်စွာ တိုးတက်လာခဲ့တယ်။
3. **by the book = (စည်းမျဉ်းကြီးအတိုင်း၊ စာအုပ်ကြီးအတိုင်း)**
   She does everything **by the book.**
   သူက အားလုံးကို စာအုပ်ကြီးအတိုင်းလုပ်တယ်။

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။
နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)

CONVERSATION



Shortest way to talk about airport English-5 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)

ဒီတစ်ပတ်မှာတော့ လေယာဉ် လေဆိပ်ဆိုက်ရောက်လာတဲ့အခါ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲ ဆိုတာတွေကို "Shortest way to talk about airport English-5" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

Can you (please) tell me ….
should be arriving
will be arriving
How long are you staying?/ How long will you be staying?
Enjoy your stay!
You're all set.

၁။ ကျေးဇူးပြုပြီး ပြောပြနိုင်မလားဆိုပြီး ပြောရင် Can you (please) tell me? ဆိုပြီးပြောနိုင်ပါတယ်။ အဲ့နောက်မှာတော့ ကိုယ်မေးချင်တဲ့ သို့မဟုတ် ကိုယ်ပြောချင်တာကို ဆက်ပြောနိုင်ပါတယ်။ ဥပမာ-

- Can you please tell me where I pick up my bag?

၂။ မကြာမီမှာ ရောက်လာလိမ့်မယ်ဆိုပြီးပြောတဲ့အခါ will be arriving နဲ့လည်း ပြောနိုင်သလို should be arriving နဲ့လည်း ပြောနိုင်ပါတယ်။ ဥပမာ -

- It looks like your bag will be arriving on Carousel 4.
- Your bag should be arriving soon.

၃။ ဘယ်လောက်ကြာကြာနေမလဲ။ ဘယ်လောက်ကြာကြာနေဖို့ စီစဉ်ထားလဲဆိုပြီး မေးတဲ့အခါမှာတော့ ဒီလိုမေးပါလိမ့်မယ်။

- How long are you staying?
- How long will you be staying?

၄။ ပျော်ပျော်ရွှင်ရွှင်နေပါဆိုပြီး ပြောရင်တော့

- Enjoy your stay!

၅။ အားလုံးပြီးပြီ။ အဆင်ပြေတယ်ဆိုပြီး Border Control Officer က ပြောတဲ့အခါ ဒီလိုပြောမှာ ဖြစ်ပါတယ်။

- You're all set.

Asking Baggage

Passenger: **Can you please tell me where I pick up my bag?** I checked one bag on my flight here.
Baggage Handler: Yes. What was your flight number?
Passenger: I was on Flight 803.
Baggage Handler: I see. It looks like your bag **will be arriving** on Carousel 4.
Passenger: And how do I get there?
Baggage Handler: It's right around the corner. You'll see the number 4 on top, and it should list your flight number as well. Your bag **should be arriving** soon.
Passenger: Great! Thank you!

Meeting with Border Control Officer

Border Control Officer: Hello
Passenger: Hello
Border Control Officer: What is the purpose of your visit?
Passenger: I have a business meeting.
Border Control Officer: Where is the meeting?
Passenger: It's at a law firm in London.
Border Control Officer: **And how long are you staying?**
Passenger: Until Tuesday.
Border Control Officer: Please put your right hand on the scanner. Thank you. Now look into the camera here. That's great. Thank you and **enjoy your stay**.
Passenger: Thank you.
Border Control Officer: You're all set. **Enjoy your stay!**
Passenger: Thank you.

The questions formally asked by Border Control Officer

- Passport please.
  Here you are!
- What is the purpose of your visit?
  I'm here on business./ I'm just on holiday./ I'm visiting some relatives./ I'm going to be studying here.
- How long will you be staying?/ How long are you staying?
  Until Tuesday./ I'll be here one year, until May 26 of next year.
- Where will you be staying?/ Where are you staying?/What company are you visiting?
  I'll be staying at my relatives house./ My address will be 473 East Town Street, Apartment 3C. It's in London.
- Do you have anything to declare?
  No, I don't.

ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး နေ့စဉ်လုပ်ပါ ကိုယ်ကျန်းမာ

လူတိုင်းလူတိုင်းဟာ အသက်အရွယ်တစ်ခုကို ရောက်လာပြီဆိုရင် ကျန်းမာရေးကို အထူးဂရုစိုက်ကြဖို့ လိုအပ်ပါတယ်။ စာရေးသူတို့အနေနဲ့ ကိုယ်နဲ့ သက်တူရွယ်တူ ၅၀ ကျော် / ၆၀ တန်းတွေ တွေ့ကြ၊ ဆုံကြတဲ့အခါ "ကျန်းမာရေးဂရုစိုက်နော်"၊ "ကျန်းမာအောင်နေပါ" စသဖြင့် အပြန်အလှန်သတိပေး ပြောဆိုကြလေ့ရှိပါတယ်။

မြင့်မောင်စိုး



တကယ်တော့ ကျန်းမာအောင်နေပါ။ ကျန်းမာရေးဂရုစိုက်ပါ။ နေကောင်းအောင်နေပါဆိုတဲ့ ခေါင်းစဉ်တွေအောက်မှာ လုပ်စရာတွေက အများကြီးပါ။ နေတာ၊ ထိုင်တာ၊ စားတာ၊ သောက်တာတွေကအစ စည်းကမ်းတကျရှိဖို့ လိုအပ်မှာပါ။ မသွားသင့်၊ မသွားထိုက်တဲ့ နေရာတွေကို မသွားဘဲနေတာ၊ မစားသင့် မစားထိုက်တဲ့ အစားအသောက်တွေကို မစားဘဲနေတာ၊ ကျန်းမာအောင်၊ နေထိုင်ကောင်းအောင် ကိုယ့်ကိုယ်ကိုယ် ပြုစုပျိုးထောင်နေတာလို့ဆိုနိုင်ပါတယ်။ တစ်နည်းအားဖြင့်ကျန်းမာရေးကို ဂရုစိုက်နေတာပါ။

ကိုယ်လက်လှုပ်ရှားမှု အရေးကြီး

လူ့ခန္ဓာကိုယ်ကြီးဟာ တရားသဘောအရအစဉ်မပြတ်ဖောက်ပြန်နေသလို ဇီဝကမ္မဖြစ်စဉ်တွေ အရလည်း ပျက်စီးနေပါတယ်။ ဒါကြောင့်လည်း ကျန်းမာရေးကို အထူးဂရုစိုက်ဖို့ လိုအပ်လာတာပါ။ ကျန်းမာရေးဆိုတာ အစားအသောက်တွေက ဘယ်လောက်ကောင်းကောင်း၊ ဆေးဝါးဓာတ်စာတွေက ဘယ်လိုပဲပြည့်စုံနေပါစေ၊ ကိုယ်လက်လှုပ်ရှားမှု အားနည်းနေမယ်ဆိုရင် ပြီးပြည့်စုံတဲ့ကျန်းမာရေးကို ရနိုင်လိမ့်မယ်လို့ မထင်မိပါဘူး။ ကျန်းမာတဲ့ သူတစ်ယောက်ဖြစ်ဖို့ ကိုယ်လက်လှုပ်ရှားမှုဟာ အရေးကြီးပါတယ်။ ကိုယ်လက်လှုပ်ရှားတယ်ဆိုတာ မိမိနှစ်သက်တဲ့ အားကစားတစ်ခုခုလုပ်တာ၊ ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ နေ့စဉ်လေ့ကျင့်ခန်းတွေလုပ်တာ၊ နေ့စဉ်နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်တာတွေကို ဆိုလိုတာပါ။ လမ်းလျှောက်ခြင်းကတော့ အလွယ်ကူဆုံး ကိုယ်လက်လှုပ်ရှားမှု ဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းအကျိုး

လမ်းလျှောက်ခြင်းကတော့ ပညာရှင်တွေဆိုထားတဲ့အတိုင်း လွယ်ကူရိုးရှင်းပေမယ့် အကျိုးကျေးဇူးကတော့ အလွန်ကို ကောင်းမွန်များပြားလှပါတယ်။ နံနက်ခင်းတိုင်း သို့မဟုတ် ညနေခင်းတိုင်း လမ်းလျှောက်မယ်ဆိုရင် နှလုံးကျန်းမာရေး ကောင်းမွန်စေခြင်း၊ သွေးလည်ပတ်မှုအားကောင်းခြင်း၊ ဆီးချိုရောဂါ ထိန်းချုပ်ရာမှာ အထောက်အကူပြုခြင်း၊ အရိုးနဲ့ကြွက်သားတွေသန်မာခြင်း၊ ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုခြင်း၊ စိတ်ဖိစီးမှုကို လျှော့နည်းစေခြင်း၊ အိပ်စက်မှုကို ကောင်းမွန်စေခြင်း၊ ကိုယ်အလေးချိန် ထိန်းသိမ်းရာမှာ အထောက်အကူပြုခြင်း၊ အဆုတ်နဲ့ အသက်ရှူစနစ်ကို ပိုမိုကောင်းမွန်စေခြင်း၊ အသက်ကြီးလာတဲ့အခါ လူပ်ရှားသွားလာမှု ကောင်းမွန်စေခြင်း စတဲ့ အချက်တွေကို လေ့လာသိရှိရပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ လမ်းလျှောက်ခြင်းဆိုတဲ့ ကိုယ်လက်လှုပ်ရှားခြင်းကို နေ့စဉ်ပြုလုပ်နေတာ နှစ်အတော်ကြာခဲ့ပါပြီ။

တစ်နေ့မှာတော့ လမ်းလျှောက်ရင်း မြို့နယ်အားကစားကွင်းကြီးထဲမှာ အမျိုးသမီးတစ်စု စုပေါင်းကိုယ်လက်လှုပ်ရှားအားကစားလုပ်နေတာ တွေ့ရပါတယ်။ နေရာကတော့ သာကေတမြို့နယ် အားကစားကွင်းထဲမှာပါ။ အမျိုးသမီးတွေက အသက် ၄၀၊ ၅၀၊ ၆၀ ပတ်ချာလည် အရွယ်တွေပါ။

> **❖ ကိုယ်လက်လှုပ်ရှား အားကစားလုပ်ခြင်းဟာ ဆေးတစ်ပါးလို့ ဆရာဝန်တွေက ပြောဆိုလေ့ရှိပါတယ်။ လူတိုင်းလူတိုင်း ဇရာဘက်ကို ရောက်လာတဲ့သူတိုင်းဟာ နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်းတွေကို လုပ်ခြင်းဖြင့် ဆေးရုံဆေးခန်းကို သွားရောက်ကုသမှု ခံယူဖို့ရာ လျော့နည်းမှာဖြစ်သလို အသက်ရှည်အနာကင်းစွာ နေထိုင်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်**

တူညီဝတ်စုံတွေ ဝတ်ပြီး စုပေါင်းအားကစားလုပ်နေကြတာ။ မြင်ရသူတွေမှာလည်း အားကစားလုပ်ချင်စိတ်ကို နှိုးဆော်ပေးသလိုပါပဲ။

သူတို့လုပ်တဲ့ အားကစားကတော့ ဆောင်းဘောကန်နဲ့ မြူးမြူးကြွကြွ သီချင်းတွေဖွင့်ပြီး သီချင်းနဲ့အတူ စည်းချက်ညီညီလိုက်ကတဲ့ အားကစားမျိုးပါ။ အေရိုးဗစ်အားကစားလို့ခေါ်မလား၊ ဇွမ်ဘာအားကစားလို့ဆိုမလားတော့ မပြောတတ်ပါဘူး။ မြန်မာနိုင်ငံမှာ ဒီလိုအားကစားစုပေါင်းလုပ်တာ အနည်းဆုံး ဆယ်စုနှစ်တစ်ခုလောက်တော့ ရှိမယ် ထင်ပါတယ်။ ဒါပေမယ့် တွင်တွင်ကျယ်ကျယ် လုပ်လာတာကတော့ သိပ်မကြာသေးပေမယ့် အနည်းဆုံးတော့ လေးငါးနှစ်လောက်တော့ ရှိမယ် ထင်ပါတယ်။ အခုလို ရောဂါဘယတွေ ထူပြောလာချိန်မှာ စုပေါင်းအားကစားလုပ်ခြင်းက အကျိုးကျေးဇူးများပြားလှပါတယ်။

သီချင်းနဲ့လေ့ကျင့်ခန်း

"အခုလို သီချင်းနဲ့လေ့ကျင့်ခန်း လုပ်နေတာ ခုနှစ်နှစ်လောက်ရှိပါပြီ။ ကိုဗစ်-၁၉ နောက်ပိုင်း လူတွေက ကျန်းမာရေးကို သတိထားလာကြတယ်။ နေ့စဉ်သီချင်းနဲ့ ကျန်းမာရေးလေ့ကျင့်ခန်းကို နံနက် ၆ နာရီကနေ ၇ နာရီအထိ သီချင်း ခုနစ်ပုဒ်လောက်နဲ့ စုပေါင်းလေ့ကျင့်ကြတယ်။ အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ လူ ၂၀၀ လောက် လာရောက်လေ့ကျင့်ကြတယ်။ မိုးတွင်းမှာတော့ လူ ၇၀ လောက် လာလုပ်ကြတယ်"လို့ စုပေါင်းအားကစားကို ဦးဆောင်လေ့ကျင့်ပေးသူ ဦးအောင်ဖြိုးက ဆိုပါတယ်။

သီချင်းတွေနဲ့ စည်းချက်ညီ ကခုန်တဲ့လေ့ကျင့်ခန်းတွေဟာ အမျိုးသမီးအများစုကို ခြိမ်းခြောက်နေတဲ့ ရောဂါဘယများကို ကာကွယ်ရာ ရောက်ပါတယ်။ အမျိုးသမီးတွေ အများစုဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါတွေက သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အရိုးပွ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စတဲ့ရောဂါတွေလို့ ဆရာဝန်များက ပြောဆိုလေ့ရှိပါတယ်။ ဒီလိုရောဂါတွေဟာ ကုသပျောက်ကင်းဖို့ ခက်ခဲသလို ဆေးကုသစရိတ်တွေကလည်း အလွန်ကြီးမားလှပါတယ်။ မဖြစ်ရင်တော့ အကောင်းဆုံးပါ။ လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းကတော့ အကောင်းဆုံး ကာကွယ်တဲ့ နည်းလမ်းတစ်ခုပါ။

အက ခုနစ်မျိုး

အခုခေတ်မှာ သီချင်းတွေနဲ့ ကခုန်တဲ့လေ့ကျင့်ခန်းတွေ ရေပန်းစား၊ လူကြိုက်များလာတာ သတိပြုမိပါတယ်။ Dance Fitness လို့ခေါ်တဲ့ အကနဲ့ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်တာ ခုနစ်မျိုးရှိကြောင်း မှတ်သားသိရှိရပါတယ်။ အဲဒါတွေကတော့ ဇွမ်ဘာ(Zumba) လို့ခေါ်တဲ့ လက်တင်အက။ ဒီအကကတော့ မြန်မာနိုင်ငံမှာ အမျိုးသမီးတွေအကြား ရေပန်းစားနေတာ နှစ်အတော်ကြာပါပြီ။ အထိမ်းအမှတ်ပွဲတွေနဲ့ အမှတ်တရအခမ်းအနားတွေမှာ ထည့်သွင်းဖျော်ဖြေရာကနေ ရေပန်းစားလာတာ တွေ့ရပါတယ်။ ကိုယ်ကာယလှုပ်လှုပ်ရှားရှား သီချင်းနဲ့ စည်းချက်ညီလေ့ကျင့်ခန်းတွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပြုလုပ်ကြတာဖြစ်ပါတယ်။

နောက်တစ်ခုက အေရိုးဗစ်အက (Aerobic Dance) ဖြစ်ပါတယ်။ ဒီအကကလည်း မြန်မာနိုင်ငံမှာ လူသိများတဲ့ အားကစားအကတစ်မျိုးဖြစ်ပါတယ်။ အမျိုးသမီးတွေ ခန္ဓာကိုယ်အချိုးအစား ကျစ်လျစ်လှပစေဖို့ သီချင်းနဲ့ ဟန်ချက်ညီညီ ကခုန်ကြခြင်းဖြစ်ပါတယ်။ ကျန်တဲ့ အိန္ဒိယရုပ်ရှင်သီချင်းတွေနဲ့ ကလေ့ရှိတဲ့ Bollywood Dance, Line Dancing, Salsa Dance တို့ကတော့ လူသိနည်းပါတယ်။ ကိုရီးယားသီချင်းတွေနဲ့ ကတဲ့ K-pop Dance ဆိုတာလည်း ရှိသေးတယ်။ မြန်မာနိုင်ငံမှာ ကိုရီးယားဇာတ်လမ်းတွဲတွေ လူကြိုက်များကြပေမယ့် သီချင်းဆိုလေ့မရှိတာကြောင့် သီချင်းနဲ့လိုက်ပြီး လေ့ကျင့်ခန်းလုပ်တာလည်း မရှိသလောက်ပါပဲ။ နောက်တစ်ခုကတော့ Low Impact Dance လို့ခေါ်တဲ့ ခုန်ပေါက်မှုနည်းပြီး ဖြည်းဖြည်းမှန်မှန် ကခုန်ရတဲ့လေ့ကျင့်ခန်းတဲ့။ သက်ကြီးပိုင်းအရွယ်တွေနဲ့ သင့်လျော်တဲ့ အကမျိုးလို့ သိရပါတယ်။

ကိုယ်ကျန်းမာ စိတ်ချမ်းသာ

တကယ်တော့ သီချင်းဖွင့်ပြီး လိုက်ကတဲ့ လေ့ကျင့်ခန်းဟာ ခန္ဓာကိုယ် ကျန်းမာမှုတစ်ခုအတွက်သာ မဟုတ်ပါဘူး။ သီချင်းနဲ့ ပျော်ပျော်ရွှင်ရွှင် လိုက်ပါစီးမျောရင်း ဟန်ချက်ညီညီ ကခုန်လေ့ကျင့်ကြတာဖြစ်လို့ စိတ်ကို ပျော်ရွှင်စေတာဖြစ်ခြင်းကြောင့် စိတ်ကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေတယ်လို့ ဆိုရမှာပါ။ စိတ်ညစ်နေတာ၊ စိတ်ဆင်းရဲနေတာ၊ စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာတွေအားလုံးတစ်ခဏအတွင်းမှာ ပြေပျောက်သွားစေနိုင်တယ်။ သီချင်းတွေနဲ့ စည်းချက်ညီ ကခုန်တဲ့ လေ့ကျင့်ခန်းဟာ တကယ်တော့ ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးသာမက စိတ်ပိုင်းဆိုင်ရာ ကျန်းမာ ရေးကိုပါ အထောက်အကူဖြစ်စေနိုင်တယ်ဆိုတာ တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာမှုကို ရရှိစေနိုင်တဲ့ ကျန်းမာရေးလေ့ကျင့်ခန်းလို့ ဆိုရမှာဖြစ်ပါတယ်။

အချို့က ခန္ဓာကိုယ်ကြီးကသာ ကျန်းမာနေတာ စိတ်က မပျော်ရွှင်ဘူး၊ စိတ်ညစ်နေတာ၊ စိတ်ဖိစီးနေတာတွေ ဖြစ်တတ်ပါတယ်။ အချို့ကြပြန်တော့လည်း စိတ်ကတော့ ပျော်ရွှင်ပါရဲ့ ခန္ဓာကိုယ်က ပျော်ရွှင်မှုနောက်ကို မလိုက်နိုင်ဘူး ဆိုတာမျိုးလည်း ရှိတတ်ပါသေးတယ်။

အချို့ကြတော့ ခန္ဓာကိုယ်လည်း မကျန်းမာဘူး၊ စိတ်လည်းမပျော်ရွှင်ဘူးဆိုတာ ရှိပါတယ်။ ခန္ဓာကိုယ်လည်း ကျန်းမာတယ်၊ စိတ်လည်းပျော်ရွှင်တယ် ဆိုတဲ့သူတွေကတော့ ကံအကောင်းဆုံး လူသားတွေလို့ဆိုရမှာပါ။ ဘာမဆို လုပ်နိုင်၊ ကိုင်နိုင်၊သွားနိုင်၊ လာနိုင် စိတ်သွားတိုင်း ကိုယ်ပါနိုင်တဲ့သူမို့ပါ။ တကယ်လည်း စိတ်သွားတိုင်း ကိုယ်ပါနိုင်ဖို့၊ အသက်ရှည်ရှည်ကျန်းမာစွာ နေထိုင်သွားနိုင်ဖို့ဆိုရင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစား တစ်ခုခုကို ပြုလုပ်ပေးဖို့ နေ့စဉ်ဆောင်ရွက်သင့်ပါတယ်။

ကိုယ်လက်လှုပ်ရှား အားကစားလုပ်ခြင်းဟာ ဆေးတစ်ပါးလို့ ဆရာဝန်တွေက ပြောဆိုလေ့ရှိပါတယ်။ လူတိုင်းလူတိုင်း ဇရာဘက်ကို ရောက်လာတဲ့သူတိုင်းဟာ နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်းတွေကို လုပ်ခြင်းဖြင့် ဆေးရုံဆေးခန်းကို သွားရောက်ကုသမှု ခံယူဖို့ရာ လျော့နည်းမှာဖြစ်သလို အသက်ရှည် အနာကင်းစွာ နေထိုင်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

မကြာမီ ဆောင်းရာသီကို ရောက်တော့မယ်။ ကိုယ်ခန္ဓာကျန်းမာကြံခိုင်သူများဖြစ်ဖို့ လေ့ကျင့်ခန်း မှန်မှန် လုပ်ကြရပေဦးမယ်။ ။



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်ဆပ်သုံးလျှင် တစ်ခါတည်းစုပြီး လျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။

စီရီလ်ဂန်းက ဂျော့ရှ်ဟိုးကစ်ကို အနိုင်ယူပြီး ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ကာကွယ်



အမေရိကန်ပြည်ထောင်စု နယူးယောက် မြို့ရှိမက်ဒီဆင်စကွဲယားဂါးဒင်း၌ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည့် UFC 334 ပြိုင်ပွဲ၏ ခေါင်ပွဲစဉ်တွင် စီရီလ်ဂန်းက ရှုံးပွဲမရှိ စိန်ခေါ်သူ ဂျော့ရှ်ဟိုးကစ်ကို ငါးချီ အပြည့် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ပြီး အမှတ်ပေးဒိုင်များ၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်ဖြင့် အနိုင်ရပြီး ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သည်။

ပွဲစတင်သည်နှင့်တစ်ပြိုင်နက် စိန်ခေါ်သူ ဟိုးကစ်၏ အဆက်မပြတ်ဖိအား ပေးထိုးသတ်မှုကြောင့် စီရီလ်ဂန်း အခက်တွေ့ခဲ့ရသည်။ သို့သော်လည်း စီရီလ်ဂန်းသည် ပွဲချိန်ကြာလာသည်နှင့်အမျှ ဂျော့ရှ်ဟိုးကစ်၏ သက်လုပိုင်းကျဆင်းလာမှုကို အခွင့်ကောင်းယူကာ တိကျသော လက်သီးထိုးချက်များ၊ ဒူးတိုက်ချက်များဖြင့် ဖိအားပေးထိုးသတ်ခဲ့သည်။

စီရီလ်ဂန်းသည် ယခုနိုင်ပွဲရလဒ်ကြောင့် နိုင်ပွဲ ၁၅ ပွဲအထိ ရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက် ဂျော့ရှ်ဟိုးကစ်သည် ၁၀ ပွဲဆက် ရှုံးပွဲမရှိစဲချိန် ပျက်ပြယ်ခဲ့ပြီး ကစားသမား ဘဝ ပထမဆုံးရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။


အဆိုပါ ပြိုင်ပွဲတွင် ဒုခေါင်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် အမျိုးသမီး ဘန်တမ်ဝိတ်တန်းပြိုင်ပွဲတွင် ကေလာဟာရီ ဆန်က စိန်ခေါ်သူ အမန်ဒါနူနက်ကို စတုတ္ထအချီ တစ်မိနစ် ၂၉ စက္ကန့်တွင် ချုပ်ကွက်ဖြင့် အနိုင်ယူပြီးချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။

မြန်မာပြည်မှား ဂျော့ချ်အာဗန်ယှဉ်ပြိုင်ထိုးသတ်နေသည့် ဖလိုင်းဝိတ်တန်းမှ အင်ဒိုနီးရှားနိုင်ငံသား ဘလာဟာဆန်နှင့် အမေရိကန်နိုင်ငံသား လူးဝစ်ဂူရူလေး ပွဲစဉ်တွင် ဂူရူလေးက အမှတ်ပေးဒိုင်များ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ နိုင်ပွဲရရှိခဲ့သည်။

ထို့ကြောင့် ဘလာဟာဆန်သည် ၁၀ ပွဲဆက်ရှုံးပွဲမရှိ စံချိန်ပျက်ခဲ့ပြီး ပထမဆုံး ရှုံးပွဲနှင့် ကြုံတွေ့ခဲ့သည်။

နိုင်ဂျီးရီးယားကစားသမား လွတ်ခ်မန်း ဒဏ်ရာရရှိမှုက အက်သလက်တီကိုအသင်းအတွက် ထိုးနှက်ချက်ဖြစ်လာ

နိုင်ဂျီးရီးယားတောင်ပံကစားသမား လွတ်ခ်မန်းသည် နိုင်ဂျီးရီးယားက တန်ဇန်နီးယားကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ငံရရှိခဲ့သော အာဖရိက နိုင်ငံများဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ ဒဏ်ရာကြောင့် လွတ်ခ်မန်းသည် နိုင်ဂျီးရီးယား အသင်း နိုဝင်ဘာ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် တန်ဇန်နီးယား အသင်းနှင့် အဝေးကွင်းပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဂီတာဖေး၊ အယ်ချီနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုက်ကင်းစသည့် ပွဲစဉ် သုံးပွဲကိုလည်း လွဲချော်ဖွယ်ရှိနေသည်။ ၎င်းသည် ပြီးခဲ့သည့် ရာသီတွင် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ပြိုင်ပွဲစုံ ၂၄ ပွဲ ပါဝင်ကစားထားပြီး ကိုးဂိုးသွင်းယူကာ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားသည်။ သို့သော်လည်း ၎င်းသည် ယခုနှစ်ရာသီတွင် ၁၅ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသာ သွင်းယူထားနိုင်သေးသည်။

နောက်ဆုံးရအားကစား သတင်းတိုများ

- အာဆင်နယ်အသင်းသည် ဇန်နဝါရီတွင် လိုက်ပ်ဇစ်တောင်ပံကစားသမား နူဆာ (၂၁ နှစ်) ကို ခေါ်ယူလိုနေပြီး ပြောင်းရွှေ့ကြေး ပေါင် ၆၆ သန်း ကုန်ကျဖွယ်ရှိသည်။
- ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်း (၃၅နှစ်) သည် စီးရီးအေကလပ်နာပိုလီအသင်းမှ ထွက်ခွာကာ မွေးရပ်မြေသို့ ပြန်လည်အခြေချနေလိုကြောင်း သိရသည်။
- ပီအက်စ်ဂျီနှင့် စပိန်ကွင်းလယ်ကစားသမား ဖေဘီယန် ရူးစ် (၃၀ နှစ်) သည် ၎င်း၏ ကစားသမားဘဝကို မိခင်ကလပ် ဘက်တစ် အသင်းတွင်သာ အဆုံးသတ်လိုကြောင်း သိရသည်။

လိုက်မစ်ဒယ်ဝိတ်ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ကာမီရွန်နှင့် မေယာတို့ မကျေပွဲ ထိုးသတ်မည်

ရှန်တဲလ်ကာမီရွန်သည် လာမည့် ဒီဇင်ဘာ ၂၄ ရက်တွင် ထိုးသတ်မည့် ဂျိတ်ပေါလ်နှင့် ဆဲလ်ဒရစ်ခွန်ဇာလိတ္တို၏ ခေါင်ပွဲစဉ် အကြိုတွဲဆိုင်းတွင် လိုက်မစ်ဒယ်ဝိတ်ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် မိကာလာမေယာနှင့် မကျေပွဲ ထိုးသတ်သွားမည်ဖြစ်သည်။



ဇြတိန်လက်ဝှေ့ယမ် ကာမီရွန်သည် ဩဂုတ်လက အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲစဉ်တွင် မေယာကို အမှတ်ပေးဒိုင် အားလုံး၏ တညီတညွတ်တည်းဆုံးဖြတ်ချက်ဖြင့် အနိုင်ရရှိခဲ့ပြီး ခါးပတ်ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ကြောင့် ၎င်းသည် WBO ခါးပတ်အပြင် WBA နှင့် WBC ခါးပတ်များကိုပါ သိမ်းပိုက်နိုင်ခဲ့သည်။ အသက် ၃၅ နှစ်အရွယ် လက်ဝှေ့ယမ် ကာမီရွန်သည် ယခုပွဲစဉ်မတိုင်မီ ပရော်ဖက်ရှင်နယ် လက်ဝှေ့ပွဲ ၂၄ ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားပြီး ၂၃ ပွဲ အထိ နိုင်ပွဲရရှိကာ တစ်ပွဲသာ ရှုံးနိမ့်ထားသည်။

အသက် ၃၆ နှစ်အရွယ် အမေရိကန်လက်ဝှေ့ယမ် မေယာက ပရော်ဖက်ရှင်နယ်လက်ဝှေ့ပွဲ ၂၅ ပွဲယှဉ်ပြိုင် ထိုးသတ်ထားပြီး ၂၂ ပွဲ အထိနိုင်ပွဲ ရရှိထားသည်။ ၎င်းသည် လာမည့်ပွဲစဉ်တွင် ကာမီရွန်ကို အနိုင်ယူပြီး ၎င်း၏ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်သိမ်းပိုက်ရန် ပစ်မှတ်ထားနေသည်။

ဂွါတီမာလာနှင့် ကွန်ကာကပ်ဖ်ကွာတားဗိုင်နယ် ဒုတိယအကျော့ကို ကနေဒါအသင်းခေါင်းဆောင် ဒေးဗစ်စ် လွဲချော်ဖွယ်ရှိ

ကနေဒါအသင်းခေါင်းဆောင် အယ်ဖွန်ဆိုဒေးဗစ်စ်သည် ဒဏ်ရာကြောင့် ဂွါတီမာလာနှင့် ယှဉ်ပြိုင်ကစားမည့် ကွန်ကာကပ်ဖ်နေးရှင်းလိဂ် ကွာတားဗိုင်နယ်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဘိုင်ယန်မြူးနစ် ဗဟိုခံစစ်ကစားသမား ဒေးဗစ်စ်သည် နိုဝင်ဘာ ၁၃ ရက်က ဂွါတီမာလာနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲစဉ် ပွဲချိန် ၆ မိနစ်တွင် ထိခိုက်ဒဏ်ရာ ထပ်မံရရှိခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ပွဲစဉ်တွင် ကနေဒါအသင်းက ဂွါတီမာလာအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲရရှိထားသည်။

ဒေးဗစ်စ်သည် ယခုနှစ်ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ၁၅ ပွဲ ပါဝင်ကစားထားပြီး သုံးဂိုးသွင်းကာ ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်ထားသည်။ ၎င်းသည် မကြာသေးမီနှစ်များအတွင်း ထိခိုက်ဒဏ်ရာများနှင့် ကြုံတွေ့ခဲ့ရသူဖြစ်ပြီး ယခုနှစ်အတွင်းကျင်းပခဲ့သည့် ဖီဖာကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း ဒဏ်ရာကြောင့် တစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။



ဝင်ဘယ်ဒန်ချန်ပီယံ နော့စကိုဗာကို အနိုင်ယူပြီး WTA Finals ပိုလ်လုပွဲ စဗီတိုလီနာ တက်ရောက်

ယူကရိန်းတင်းနစ်မယ် အယ်လီနာ စဗီတိုလီနာသည် WTA Finals ပြိုင်ပွဲမှ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက် ချက်ဇ်တင်းနစ်မယ် လင်ဒါနေ့စကိုဗာကို ၆–၂၊ ၆–၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

စဗီတိုလီနာသည် ဝင်ဘယ်ဒန်ချန်ပီယံ နော့စကိုဗာကို အနိုင်ရရှိရန် ၆၄ မိနစ်သာ အချိန်ယူယှဉ်ပြိုင်ခဲ့ရကြောင်း သိရသည်။ ကမ္ဘာ့အဆင့် (၆) တွင် ရပ်တည်နေသော စဗီတိုလီနာသည် WTA Finals ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ရုရှားထိပ်တန်းတင်းနစ်မယ် မေရာအန်ဒရေဗာနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အန်ဒရေဗာသည် ဆီမီးဖိုင်နယ်တွင် အမေရိကန်နာမည်ကြီး တင်းနစ်မယ် ဂျက်ဆီကာ ပီဂူလာကို ၆–၃၊ ၆–၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲတက်လှမ်းလာသူ ဖြစ်သည်။ အသက် ၁၉ နှစ်အရွယ် အန်ဒရေဗာသည် မာရီယာ ရှာရာပိုဗာနောက်ပိုင်း နှစ်ပေါင်း ၂၂ နှစ်အတွင်း WTA Finals ဗိုလ်လုပွဲသို့ တက်လှမ်းလာသည့် အသက်အငယ်ဆုံး တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

■ မိုးဇက် – စုစည်းရေးသားသည်

အသက်ဆုံးရှုံးသည်အထိ ဖြစ်ရပ်တွင်ကျူးလွန်ခဲ့သော အန်ဒိုရာဂိုးသမား အိုဝိုနိုကို ၁၂ ပွဲပယ်ပြစ်ဒဏ်ချမှတ်

Tenerife အသင်းတိုက်စစ်ကစားသမား ဂျေဖူးဒီမီဂွယ်လ်ကို အသက်ဆုံးရှုံးမှု ဖြစ်စေသည့်အထိ ဖြစ်ရပ်ကိုကျူးလွန်ခဲ့သည့်အတွက် အန်ဒိုရာဂိုးသမား ဂျေဖူးအိုဝိုနိုကို စပိန်ဘောလုံးအဖွဲ့ချုပ်၏ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ၁၂ ပွဲပယ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် အိုဝိုနိုသည် နိုဝင်ဘာ ၂ ရက်က စပိန်ဒုတိယတန်းပွဲစဉ်တစ်ခုတွင် ပြိုင်ဘက်အသင်းကစားသမား ဒီမီဂွယ်လ်နှင့် တိုက်မိပြီးနောက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ ယင်းနောက်နေ့တွင် အသက် ၃၀ အရွယ် ဒီမီဂွယ်လ်သည် အသက်သေဆုံးခဲ့ကြောင်း သိရသည်။

စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဒိုင်လူကြီး၏ အစီရင်ခံစာတွင် အတိအလင်းဖော်ပြထားသော အချက်အလက်များအပေါ် အခြေခံကာ ဆုံးဖြတ်ခဲ့ကြောင်း ပြောသည်။ အဆိုပါ အစီရင်ခံစာတွင် ဘောလုံး



ကစားစဉ်အတွင်း အန်ဒိုရာဂိုးသမားသည် အားအလွန်အကျွံသုံးကာ ပြိုင်ဘက်၏ ရင်ဘတ်ကိုခြေထောက်ဖြင့် ကန်ကျောက်ခဲ့သည့်အတွက် ထုပယ်ပယ်ခြင်းခံခဲ့ရသည်ဟု ဖော်ပြထားသည်။

ဒက္ခိဏာသီရိမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၅ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် နိုဝင်ဘာ ၁၄ ရက်က တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏာသီရိမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။ (ဝံပုံ)



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ငွေးတောက်ရိုး-မန်ကျည်းကုန်း ကျေးရွာ ချင်းဆက်လမ်းကို အမာခံလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုရာ အမြဲတမ်းအတွင်းဝန်က လုပ်ငန်းများ မိုးမကျမီ ဖေဖော်ဝါရီလကုန် ပြီးစီးအောင် ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်/ စံညွှန်း ပြည့်မီရေးဆောင်ရွက်ရန်၊ လမ်းအင်္ဂါရုပ် နှင့်အညီဖြစ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏာ)

မိုးကောင်းမြို့နယ် ထိပ်ပူးကျေးရွာ၌ သောက်သုံးရေရှားပါးမှု မဖြစ်စေရေးနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး



မိုးကောင်း နိုဝင်ဘာ ၁၅ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ထိပ်ပူးကျေးရွာ၌ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းကကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဒေါ်ခင်မေထင်က အယ်လ်နီညိုရာသီဥတုကျရောက်လာနိုင်သည့် အခြေအနေများ၊ အယ်လ်နီညိုရာသီဥတုကြောင့် အကျိုးသက်ရောက်နိုင်မှု အခြေအနေများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်လုပ်ဆောင်ရမည့် အချက်များကို အသိပညာပေးရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ကျေးရွာလူထုထံသို့ ဖြန့်ဝေပေး ခဲ့ကြောင်း သိရသည်။

ချစ်ဦးကိုကို

တောင်ငူမြို့၌ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာမျှဝေ



တောင်ငူ နိုဝင်ဘာ ၁၅ တောင်ငူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၃ ရက်က ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းဖွင့်လှစ်သည်။

မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ် ဖူလုံရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း စီမံကိန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ကွက်ငယ် တောင်သူများအား ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု၊ ရိတ်သိမ်းချိန်လွန်နည်းပညာများဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ လိုအပ်ချက် ဆန်းစစ်ခြင်းနှင့် တောင်သူများထံ လိုအပ်သည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးခြင်း ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်သည့် သင်တန်းပေးဆောင်ရွက်ခြင်းကို စီမံကိန်းဒေသဖြစ်သည့် ပဲခူးတိုင်းဒေသကြီးတောင်ငူမြို့နယ်တွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ကွက်ငယ်တောင်သူများအား ပဲပုပ်စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်လျက်ရှိသည့် နည်းပညာများ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ပဲပုပ်စိုက်တောင်သူ ၂၅ ဦးနှင့် စိုက်ပျိုးပညာပေးဝန်ထမ်း ၁၀ ဦးတို့ တက်ရောက်ခဲ့ပြီး တောင်သူများ လိုအပ်ချက်ဆန်းစစ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

ကျိုက်လတ်၌ နိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

ကျိုက်လတ် နိုဝင်ဘာ ၁၅ ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးဆောင်၍ နိုဝင်ဘာ ၁၄ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ နိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများ ဝယ်ယူအားပေးနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမိုးမင်းသန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်မွေး/ကုဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများအပါအဝင် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့် စနစ်များကို ကြိဆောင်ရွက်ပါ။



သွားတိုက်နေစဉ် အတွင်း ဘုံတိုင်ခေါင်းကို ဖွင့်မထားဘဲ ပိတ်ထားသင့်သည်။

မြန်မာ့အသံနှင့်ခွပ်ဖြင်သံကြား
၁၆-၁၁-၂၀၂၆ တနလ်ာနေ့

MRTV HD
၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များကယိုတ်စာရေးတော်ဖွင့်ထုတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ "သဘာဝလေးရတနာ (၁၆ကဗိုလ်ရင်း) ကျေးဇူးအမျိုးသားဥယျာဉ်)"
၀၉:၁၅ "ကမ္ဘာ့အကောင်းဆုံးသန်မြန်မာ့ပင်ဆန်း"
၁၀:၀၀ သတင်းထူးသတင်း
၁၀:၁၅ "မြန်မာ့လယ်ယာစြေကွက်ဆိုင်း" (၁၀ကိုင်း)
၁၁:၂၅ ဘဂနင်းအနယူဘာ "ဂိတာတေးရုတ်ခြင်းရိုးရှေ့ တေးသွင်းရှိမှာလေး" (အပိုင်း-၁)
၁၂:၁၅ "မြန်မာ့တော်လမ်းတွဲ "cam" (The Forest) (အပိုင်း-၁၀)
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာ့တော်လမ်းတွဲ "ငါးငိုး" (အပိုင်း-၁၇)

mitv
07:01 Evergreen Classic; Ma Lay Lat Khat Than (Mya Thinn Chal)
07:08 Three Beautiful Islands
07:19 Home for the Beautiful Star Tortoises
07:45 Listening Pleasure, Instrumental Music (Don Min) Don Min & Banjo Combination (Than Son Tee Nyunt)
08:01 News
08:26 Asia Updates; Windy Island
08:33 Sri Ksetra, Field of Fortune & Glory (Part-2)
08:53 Local Talents Show (1) (Hinn Wutt Yee)
09:01 Edible Beauty: Tha Khut
09:29 Danu Food: Pounded Crab Apple Salad
09:35 The Great Po Sein
10:01 News
10:26 Topical Topics; Awareness of the Dangers of Flooding

MRTV NRC
ချင်း (ရိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ချင်းရိုးရာဝါဝင်းဆောင်ပြုလုပ်ပုံနည်း
ချင်း (ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)
သေးကင်ဝင်တဲ့ရဲ့ပုံသိန်ဂုံရဲ့ရွာ
မွန် (၀၈:၀၀ မှ ၁၀:၀၀)
မွန်ဘာသာစကားပြောကြရအောင် (တိုးရွာနှင့်အလင်္ကာများ)
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
မြန်မာ့မြေမှုစိုက်ပျိုးစီးပွားပညာဝေမှုများ(လုပ်ငန်းရာဇဝင်ကြောင်းနှင့် လုပ်ငန်းနည်းပြမြေမှုစိုက်ပျိုးစီးပွားရေးလုပ်ငန်းအကြောင်း)
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ကွန်ဟိန်း-တောင်ကြီးကြားကမ္ဘမြို့တဲ့လမ်းသီး
၀ (၁၃:၀၀ မှ ၁၆:၀၀)
ထူးဆန်းသွေ့ရာ "၀" ထေးပို့ရာ

MRTV NEWS
၀၆:၀၀ အလွှင့်ကေးသိုင်း
၀၆:၀၅ လူ့လုပ်ရှားမှုအားကစား
၀၇:၀၀ ပြည်တွင်းသတင်း(LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၃၅ Sports Diary
၁၂:၁၅ ထူးခြားဆုံးသာမှစိတ်ဝင်စားစရာ
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၄:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမုဒ်ကဏ္ဍ(LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၈:၄၅ သတင်းမဟာမြောတဲ့သတင်းစကား
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၉:၃၅ MRTV Discovery (ရှေးဆင်ကိုကားယဉ်ရာမှိုကြီး)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV FARMERS
၀၆:၀၀ အလွှင့်နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်ယာစရာသတင်း
၀၆:၂၅ နိုင်ငံရေးမှာတိုးတက်ဖို့ MSME လုပ်ငန်းများအားပေးနို့
၀၇:၃၀ "ဝိုက်ပျိုးငွေးမြေသုတာက်" စားသုံးကုန်ကုမ္ပဏီဝိုက်ပေးကုမ္ပဏီမြို့တာဝိုင်
၀၈:၀၀ ပဲပုပ်သီးနှံအားကာလ
၀၉:၀၀ တစ်ပိုင်တစ်နိုင်ငံမွေးမြူရေးသည်ဦးမြတ်မြို့ပေးမြို့ရေးသည်သို့
၁၀:၃၀ တိုးတက်ကြီးကျယ်သောလယ်တော်တတိယပုံနှံအရည်အသွေး(၁၁)ရက်မြောက်နေ့ကိုကိုကိုကုတ်ရွှမ်မှ
၁၆:၂၀ သုတ္တရာမောတော်တော်(တတိယတော်)

MRTV RADIO
၀၆:၀၀ အလွှင့်၊ ဝမ္မဂုတေးသီချင်းများ
၀၆:၃၀ မြန်မာသံစဉ်တေးများ
၀၆:၅၀ မြန်မာ့တော်လမ်းတွဲ "ချင်ဖြစ်ဆိုင်ဆိုင်ယတန်းတော်တိုင်" (အပိုင်း-၅)
၀၇:၁၅ "ဖြိုင်ဖြိုင်ဆိုင်ဆိုင်ယတန်းတော်တိုင်" တေးသီတဆျက်ဖြင့်
၀၇:၃၀ ကမ္ဘာ့စီးပွားအနေအထားသတင်းများ
၀၇:၄၅ မြန်မာ့ရိုးရာ(ဖြန့်ချိရေး)
"ချစ်တတ်ဆာသာနှလုံးသား"

MRTV NRC
ကချင်ရိုးရာကြက်သားသုပ်
အင်္ဂလိပ်စာပေါ်မှလူပေါ်ထိုးလုပ်ငန်း
ဗမာပိုင်းချက်စားကြမယ်
ကယား (၁၀:၀၀ မှ ၂၀:၀၀)
တောင်တန်းမြေမွှေးသောပန်း
ပလောကရင် (၂၀:၀၀ မှ ၂၁:၀၀)
မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်ရာ
အင်္ဂလိပ်စာပေါ်မှလူပေါ်ထိုးလုပ်ငန်း
အင်္ဂလိပ်စာ (၂၁:၀၀ မှ ၂၂:၀၀)
ဗဟုတောင်ပေါ်မှလူပေါ်သောမြင်ကွင်းတစ်ခွင်

MRTV PARLIAMENT
၀၇:၀၀ အလွှင့်၊ အသံ
၀၇:၃၅ တတိယအကြိမ်ပြည်သူ့လွှတ်တော်တတိယ ပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ တိုက်ရိုက် (Live) ထုတ်လွှင့်မှု
၁၄:၀၀ လွှတ်တော်သတင်း(၁၆.၁၁.၂၀၂၆)


MRTV SPORTS
၀၆:၀၀ အလွှင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၅၀ Sports Diary
၀၇:၃၀ The Sports Editor's Top Picks Of This Week
၀၈:၀၀ (၃၃)ကြိမ်မြောက်အလွှတောင်းအရှားအားကစား ပြိုင်ပွဲ(ဒေးကြိမ်ပွဲ)(ဒိုလုပ်ပွဲ) (Replay)
၁၃:၀၀ အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio
Education Channel



၁ ရေကို ကြိုတင်စီမံပါ

- တိရစ္ဆာန်အလိုက် နေ့စဉ်ရေလိုအပ်ချက်တွက်ချက်ပါ။
- အရေးပေါ်သုံးရေကို အနည်းဆုံး ဂုရက်စာသိုလှောင်ပါ။
- ရေတွင်း၊ ရေကန်၊ ဆည်၊ မြေအောက်ရေနှင့် အခြားရေအရင်းအမြစ်များကို စစ်ဆေးပါ။
- ရေစုပ်စက်၊ ပိုက်လိုင်း၊ ရေတိုင်ကီနှင့် အရန်လျှပ်စစ်စနစ်များကို ကြိုတင်ပြင်ဆင်ပါ။
- မြို့နယ်အလိုက် ရေအရင်းအမြစ်ရရှိမည့်မြေပုံ ရေးဆွဲထားပါ။





၂ ရောဂါကိုကြိုတင်ကာကွယ်ပါ

- လိုအပ်သောကာကွယ်ဆေးများကိုကြိုတင်ထိုးနှံပါ။
- မွေးမြူရေးခြံအဝင်/အထွက်ထိန်းချုပ်ခြင်းနှင့် ဇီဝလုံခြုံမှုကို စနစ်တကျဆောင်ရွက်ပါ။
- ကာကွယ်ဆေးသိုလှောင်မှု (Cold Chain အပါအဝင်) ကို စနစ်တကျဆောင်ရွက်ပါ။
- ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ဆိတ်ပလိပ်ရောဂါများကို ကာကွယ်ပါ။
- သံသယဖြစ်ဖွယ်ရောဂါဖြစ်ပွားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။





၃ အစာကို ကြိုတင်သိုလှောင်ပါ

- ဒေသနှင့်ကိုက်ညီသော အစာစိမ်းပင်များကို ကြိုတင်စိုက်ပျိုးပါ။
- မြက်ခြောက်နှင့် မြက်/ပြောင်းချဉ်ဖတ်ပြုလုပ်သိုလှောင်ပါ။
- အစာကြမ်း ၃ လစာ အရန်စီမံထားရှိပါ။
- ပြောင်း၊ ဆန်ဖွဲ၊ ပဲဖတ်နှင့် ဆီကြိတ်ဖတ် အပါအဝင် အစာကုန်ကြမ်းများကို ကြိုတင်စုဆည်းပါ။
- အစာများကို မှိုဆိပ်၊ ခဲဆိပ်အန္တရာယ် မရှိအောင် ကာကွယ်ပါ။





၄ အပူဒဏ်မှ ကာကွယ်ပါ

- အရိပ်၊ လေဝင်လေထွက်ကောင်းမွန်မှုနှင့် သန့်ရှင်းသော သောက်ရေကို စီစဉ်ဆောင်ရွက်ပါ။
- လိုအပ်သည့်နေရာများတွင် ပန်ကာနှင့် အအေးပေးစနစ်များ တပ်ဆင်ပါ။
- အပူချိန်မြင့်မားချိန်တွင် တိရစ္ဆာန်များအား ခိုင်းစေခြင်း၊ လွတ်ကျောင်းခြင်းနှင့် သယ်ယူခြင်း မပြုရ။
- အစာကို နံနက်စောစောနှင့် ညနေပိုင်းတွင် ကျွေးပါ။
- တိရစ္ဆာန်များကို လုံလောက်သော အကျယ်အဝန်းတွင် ထားရှိပါ။





၅ အရေးပေါ်တုံ့ပြန်မှုကို အသင့်ပြင်ထားပါ

- မီးစက်၊ ရေစုပ်စက်နှင့် ပန်ကာများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြို့နယ်အလိုက် တိရစ္ဆာန်အရေအတွက်၊ ရေအရင်းအမြစ်၊ အစာအရင်းအမြစ်နှင့် အန္တရာယ်ရှိသောဒေသများကို စာရင်းပြုစုပါ။
- အပူချိန်၊ စိုထိုင်းဆ၊ အစာစားနှုန်း၊ ထုတ်လုပ်မှုနှင့် သေဆုံးမှုများကို နေ့စဉ်စောင့်ကြည့်ပါ။
- ရောဂါသံသယရှိပါက သတင်းပို့ခြင်း၊ စစ်ဆေးခြင်း၊ နမူနာရယူခြင်း၊ စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ထားပါ။





"ရေရှိမှ မွေးမြူနိုင်မည်။ အစာရှိမှ ထုတ်လုပ်နိုင်မည်။ ကြိုတင်ပြင်ဆင်မှ ဆုံးရှုံးမှုလျော့နည်းမည်"

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အယ်လ်နီညို့ကာလအတွက် နွားစာကြို့တင်ပြင်ဆင်ပါ။

ကောက်ရိုးကို မီးမရှို့ပါနှင့် နွားစာအဖြစ် တန်ဖိုးမြှင့်ပါ။

အကျိုးကျေးဇူးများ

- ကောက်ရိုးကို အလဟဿမဖြစ်စေဘဲ တန်ဖိုးရှိသော နွားစာအဖြစ် အသုံးချနိုင်ခြင်း၊
- ခြောက်သွေ့ရာသီတွင် နွားစာရရှိမှုကို အထောက်အကူပြုခြင်း၊
- နွားစာဝယ်ယူစရိတ်ကို လျော့ချနိုင်ခြင်း၊
- လယ်ယာစွန့်ပစ်ပစ္စည်းကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း။



၁ ကောက်ရိုးကို ခြောက်သွေ့အောင်ပြုလုပ်ပါ

- ရိတ်သိမ်းချေလှေ့စက်ဖြင့် စပါးရိတ်သိမ်းပြီးနောက် ကျန်ရှိသော ကောက်ရိုးကို စုစည်းပါ။
- မိုးမစိုစေရန်နှင့် မြေကြီးစိုထိုင်းမှု မဝင်စေရန် ဂရုပြုပါ။
- ကောက်ရိုးကို လုံလောက်စွာ ခြောက်သွေ့စေပြီးမှ ထုံးဖွဲ့ပါ။





၂ စနစ်တကျ သိမ်းဆည်းပါ

- အစိုးအကာရှိပြီး မိုးရေမဝင်သောနေရာတွင် ထားရှိပါ။
- မြေကြီးနှင့်တိုက်ရိုက်မထိစေရန် ပါလက် သို့မဟုတ် မြှင့်တင်ထားသော ကြမ်းခင်းပေါ်တွင် စုပုံပါ။
- လေဝင်လေထွက်ကောင်းစေရန် နေရာချန်ထားပါ။
- စိုထိုင်းမှု၊ မိုတက်မှုနှင့် အပူချိန်မြင့်တက်မှုကို ပုံမှန်စစ်ဆေးပါ။





၃ နွားစာအဖြစ် အကျိုးရှိစွာ အသုံးပြုပါ

- လိုအပ်သည့်ပမာဏကို ထုတ်ယူပြီး နွားစာအဖြစ် ကျွေးမွေးပါ။
- ကောက်ရိုးတစ်မျိုးတည်းကိုသာ အားကိုးမထားဘဲ အစိမ်းရောင်အစား၊ သင့်လျော်သော အာဟာရပြည့်စုံကိန်းနှင့် ရောကိုပါ ဖြည့်ဆည်းပါ။
- မွှိတက်ခြင်း၊ ပုပ်သိုးခြင်း သို့မဟုတ် အနံ့မမှန်ခြင်းရှိသောကောက်ရိုးကို မကျွေးပါနှင့်။



တောင်သူများ လိုက်နာဆောင်ရွက်ရန်

- ရိတ်သိမ်းပြီးချိန်မှစ၍ ကောက်ရိုးကို အချိန်မီ စုဆောင်းပါ။
- ကောက်ရိုးခြောက်သွေ့မှသာ ထုံးဖွဲ့ပြီး သိမ်းဆည်းပါ။
- စက်ဝန်ဆောင်မှုကို တောင်သူအစုအဖွဲ့အလိုက် ပူးပေါင်းအသုံးပြုပါ။
- သိုလှောင်ရာတွင် မိုးရေ၊ မြေစိုထိုင်းမှုနှင့် မှိုတက်ခြင်းမှ ကာကွယ်ပါ။
- နွားစာအဖြစ်အသုံးပြုရာတွင် အာဟာရမျှတမှုနှင့် အစာအရည်အသွေးကိုဂရုပြုပါ။

ကောက်ရိုးကို တန်ဖိုးမြှင့်၊ နွားစာစရိတ်လျှော့၊ မွေးမြူရေးအကျိုးအမြတ်တိုးကြပါစို့။

သက်ဆိုင်ရာ စိုက်ပျိုးရေး၊ ကော်မှူလယ်ယာနှင့် မွေးမြူရေးဌာနများထံ ဆက်သွယ်၍ နည်းပညာနှင့် ကော်ဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။

စပါးရိတ်သိမ်းပြီးနောက် ကောက်ရိုးကို စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး နွားစာအဖြစ် အသုံးချကြပါစို့။

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်



နေလယ်နေခင်းအချိန်များ၌ အရိပ်ရှာ အေးမြသောနေရာများတွင်နားနေပါ။

တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။



ရေများများသောက်ပေးပါ။



နေပူထဲတွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် အားကစားလုပ်ခြင်းကို ရှောင်ကြဉ်ပါ။



နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



အရက်အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။



အဖြူရောင်နှင့် အရောင်ဖျော့သော ပွပွလျောင်လျောင်ချည်ထည်များ ဝတ်ဆင်ပါ။



အထူးသတိပြုရမည့်သူများ



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာဖြန့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ၊

⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရှာ အေးမြသော နေရာများတွင်နားနေပါ။

⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊

⇒ အစားအစာ မပြင်ဆင်မီ၊

⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊

⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊

⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်

⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်ဘီးရောဂါများ ၊
- လက်ပတ်စပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊

⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊

⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊

⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ဝိုင်းဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊

⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊

⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

(စ၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (စ၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံတို့၌ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့ သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌ သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရွက်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၅ – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၃၃၀၊ ၀၅၈-၂၀၂၃၅၃၃

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဝဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၅၉၃၉၊ ၀၅၂-၂၂၀၅၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၃၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၅၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မံမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဏ္ဍာအရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
